# KHRG ကာရင်လူ့အခွင့်အရေးအဖွဲ့

## ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ) (၁၇) ကြိမ်မြောက်ထုတ်ဝေသော KHRG သတင်းလွှာ

## ကာရင်လူ့အခွင့်အရေးအဖွဲ့၏ မျှော်မှန်းချက်

ကာရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် အနာဂတ်တွင် မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများအပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကာရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သောဩဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန် ရည်ရွယ်ပါသည်။ ထိုနည်းအတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလှုံ့ဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင့်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောမလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကိုမှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့် အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကိုပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့်ရွာသားများ၏ နည်းဗျူဟာများအား ပိုမိုကောင်းမွန်လာစေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများ လုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။

## ဒကားချီ

ဝမ်းမြောက်ခြင်းများစွာဖြင့် ၁၇ ကြိမ်မြောက်သတင်းလွှာကို KHRG မှတစ်ဖန် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်းလွှာကို တစ်နှစ်တွင်နှစ်ကြိမ်ထုတ်ဝေပါသည်။ ဤနှစ်အတွင်း ဒုတိယမြောက်ထုတ်ဝေမည့်သတင်းလွှာကို ဧပြီလမှ ၂၀၂၁ ခုနှစ်မှ နိုဝင်ဘာလ ၂၀၂၁ ထိ KHRG မှလက်ခံရရှိခဲ့သည့်သတင်းအချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤ KHRG သတင်းလွှာတွင်ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ခရိုင်(၇)အတွင်း၌ ရယူ၍ ရေးသားတင် ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင်ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့်သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲတွင် စစ်ကောင်စီမှအရပ်သားဒေသများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ဥပဒများအားလိုရာစိတ်ကြိုက်ပြုပြင်ပြဌာန်းခြင်း၊ စစ်တပ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီ၏လူ့အခွင့်ရေးချိုးဖောက်မှု၊ အဓမ္မလုပ်အားပေးနှင့် ပေါ်တာထမ်းခိုင်းခြင်း၊ ရွာသားများအား အကြောင်းမဲ့သတ်ဖြတ်ခြင်းများ၊ ပြည်တွင်းစစ်ဘေးရှောင်များအခြေနေ၊ မြေမြှုပ်မိုင်းအန္တရာယ်၊ အရပ်သားများ၏ ဘဝရပ်တည်ရှင်သန်မှုအခြေနေ၊ မြန်မာပြည်အရှေ့တောင်ပိုင်းဒေသတွင်း စစ်ရေးလှုပ်ရှားမှုအခြေနေ၊ ပညာရေးနှင့် ကျန်းမာရေးအခြေနေများကို စုစည်းတင်ပြထားသည်။

ဤသတင်းလွှာအား မြန်မာပြည်အရှေ့တောင်ပိုင်းဒေသ အတွင်းဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှသိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့်ရှုမြင်ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါ သည်။

# တိုက်ပွဲများ၊ စစ်ကောင်စီတပ်များမှ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခြင်းများ

၂၀၂၁ ခုနှစ်၊ ဧပြီလနှင့် စက်တင်ဘာလအတွင်း ကရင်အမျိုးသားအစည်းအရုံး(KNU)၏ ထိန်းချုပ်နယ်မြေရှိခရိုင်များတွင် တိုက်ပွဲများ၊ စစ်ကောင်စီတပ်များမှ လက်နက်ကြီးလက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခြင်းနှင့် လေကြောင်းများဖြင့် တိုက်ခိုက်ခြင်း၊ စစ်လေယာဉ်များဖြင့် ကင်းထောက်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်မှုများကြောင့် ဒေသခံရွာသားများမှ ကြောက်ရွံ့ခြင်း၊ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် သေဆုံးမှုများကိုလည်း ရင်ဆိုင်ကြရပါသည်။ ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော နယ်ခြားစောင့်တပ်(BGF) နှင့် စစ်ကောင်စီ SAC ၏စစ်သားများမှ ဒေသခံရွာသူရွာသားများအား နည်းမျိုးစုံဖြင့် ဒုက္ခပေးမှုများ ရှိနေဆဲဖြစ်ပါသည်။

ထိုဖြစ်စဉ်များထဲမှတစ်ခုသည် ဒူးသထူခရိုင်တွင်ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နှင့် မေလ ၃ ရက်နေ့တွင် ဗိုလ်တင်ဝင်းနှင့် တပ်ရင်းမှူးဗိုလ်မောင်ချစ်ဦးဆောင်သော BGF တပ်ရင်းအမှတ်(၁၀၁၄)တို့သည် စစ်တပ်အင်အား ၂၀၀ ဦးကို တာပေါနှင့်လေးကေ့တပ်စခန်းသို့ ပို့ဆောင်ခဲ့သည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ဘောတပရိုတွင် BGF နှင့် KNLA တပ်ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲအပြီးတွင် BGF တပ်များသည် ဘောနော်မြစ်ကိုဖြတ်ကူးကာ တာပေါတပ်စခန်းသို့ ထွက်သွားခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် တာပေါတပ်စခန်းသို့ရောက်ရှိပြီးနောက် ရွာထဲသို့လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ ၂ ရက်နေ့တွင်လည်း ၎င်းတို့၏ လေးကေ့တပ်စခန်းသို့ မထွက်ခွါမီ တပ်စခန်းအနီးအနားနှင့် ရွာအနီးအနားတစ်ဝိုက်တွင်လည်း လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ စစ်သားချီတက်သည့် လမ်းကြောင်းအား ရှင်းလင်းရန်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်၊ ၄ ရက်နေ့တွင် လေးကေတပ်စခန်းမှ BGF စစ်သားသည် လက်နက်ကြီးများဖြင့် ရွာထဲ၌ရမ်းသမ်းပစ်ခတ်ခဲ့ရာ ဒေသခံရွာသားများ၏ဖော်ပြချက်အရ မပေါက်ကွဲသောလက်နက်ကြီးကျည်ဆံမှာ ၅ လုံးရှိပြီး၊ ရွာသားများ၏အိမ်တစ်လုံး ပျက်စီးသွားပြီး လက်နက်ကြီးအစထိမှန်ကာ ရွာသား ၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့ BGF လက်နက်ကြီးအစထိမှန်ကာ ဒဏ်ရာရှိသောရွာသားမှာ စောစ---ဖြစ်ပြီး ၎င်း၏ကားမှန်သည်လည်း ကွဲသွားခဲ့သည်။

၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်၊ ညောင်လေးပင်ခရိုင်တွင်လည်း ကျောက်ကြီးမြို့နယ်ရှိ SAC မှ ၎င်းတို့၏စစ်သားများအား စစ်ကားများဖြင့် မူတြော်(ဖာပွန်)ခရိုင်ဘက်သို့ ပိုမိုပို့ဆောင်ခဲ့ပါသည်။ ထိုသို့စစ်တပ်အင်အားပို့ဆောင်မှုကြောင့် မေလ ၁၈ ရက်နေ့တွင် ကျောက်ကြီးမြို့နယ် အီးသာပလောဒေသ၌ SAC နှင့် KNLA တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုသို့တိုက်ပွဲဖြစ်ပွားမှုများကြောင့် ဒေသခံရွာသားများသည် တောထဲသို့ထွက်ပြေးတိမ်းရှောင်နေရပြီး လက်နက်ပစ်ခတ်သံ တိုက်ပွဲများဖြစ်ပွားလျှင် စိုးရိမ်မှုများ၊ ကြောက်ရွံ့မှုများ အလွန်ခံစားနေရပါသည်။ မေလ ၁၉ ရက်၊ ည ၁၁း၃၀ မိနစ်ခန့်တွင် ကျောက်ကြီးမြို့နယ် ခဲဒဲကျေးရွာအုပ်စုရှိ ရွာသားများသည် စစ်လေယာဉ်ပျံဝဲသံများကြားနေရသော်လည်း မမြင်ရကြပါ။ ထို့ကြောင့် ရွာသူရွာသားများသည် SAC စစ်တပ်များမှ ၎င်းတို့၏ဒေသတွင် လေယာဉ်ဖြင့်ဗုံးများလာကျဲမည်ကို ကြောက်ရွံ့စိုးရိမ်နေကြရသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလလ ၂၂ လရက်နေ့တွင် SAC ခြေမြန်တပ်ရင်းအမှတ်(၆၀)မှ စစ်တပ်အင်အား ၂၀၀ ခန့်သည် ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်၊ KNU ထိန်းချုပ်နယ်မြေရှိ မြေနီကုန်းနှင့် ဘုရားလေးကုန်းရွာတွင် ဝင်ရောက်လှုပ်ရှားသည့်အချိန်အတွင်း KNLA နှင့် ရင်ဆိုင်မှုများရှိ၍ နှစ်ရက်အတွင်းတွင် စုစုပေါင်းတိုက်ပွဲ ၇ နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် လောမူသောနှင့် လောမူပယ်ရွာတွင်နေထိုင်သည့် ဒေသခံရွာသား ၃၀၀ ခန့်သည် တောထဲသို့ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။

မူတြော်ခရိုင်အတွင်းတွင်လည်း လက်နက်များရမ်းသမ်းပစ်ခတ်ခြင်းနှင့် စစ်သားအင်အားဖြည့်တင်းများ ပိုမိုလုပ်ဆောင်ခဲ့သည်။ ဧပြီလ ၃ ရက်နေ့ ည ၈ နာရီအချိန်တွင် BGF တပ်ရင်းအမှတ်(၁၀၁၄)နှင့် SAC ခြေမြန်တပ်ရင်းအမှတ်(၄၀၈) စစ်ဗျူဟာဌာနချုပ်အမှတ်(၈) လက်အောက်ခံတို့သည် ဘူးသိုမြို့နယ်ရှိ နို့ထကျေးရွာနှင့် ထီးသဒေါထကျေးရွာတို့တွင် လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုကြောင့် ရွာသားတစ်ဦးဖြစ်သော နော်မူသည် ကျည်ဆံထိမှန်ကာ သေဆုံးသွားခဲ့ပါသည်။

ထို့နည်းတူ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ ဇွန်လ ၂၀ ရက်နေ့အထိ SAC စစ်သားများသည် ပါဟဲ၊ ခေါ်ပူ၊ ဘူးအားဒဲနှင့် မယ်ကလော်ကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်တို့တွင် စစ်တပ်အင်အားများပို့ဆောင်ခြင်းနှင့် စစ်လက်နက်ခဲယမ်းများပို့ဆောင်ခဲ့သည့်အချိန်တွင် KNU ထိန်းချုပ်နယ်မြေအတွင်း ဝင်ရောက်ကျူးကျော်မှုများကြောင့် KNLA စစ်သားများမှ ၎င်းတို့အား ပစ်ခတ်ခဲ့ပြီး SAC စစ်တပ်ဘက်မှလည်း လက်နက်ကြီးများဖြင့် ရွာသားများ၏လယ်ယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရာနေရာများသို့ ပြန်လည်ပစ်ခတ်ခဲ့သည်။

ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ညနေ ၅း၃၀ မိနစ်တွင် BGF တပ်ရင်းအမှတ်(၁၀၁၃)မှ စစ်သားများသည် လက်နက်ကြီးများဖြင့် ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ နို့ဖောထီးကျေးရွာသို့ ပစ်ခတ်ခဲ့သည့်အတွက် ရွာသားများ၏အိမ်ခေါင်မိုးနှင့် ခြံစည်းရိုး ထိခိုက်ပျက်စီးခဲ့ပါသည်။ ထိုလက်နက်ကြီးပစ်ခတ်မှုကြောင့် သေဆုံးမှု၊ ထိခိုက်မှုဒဏ်ရာရရှိမှုများ မရှိသော်လည်း BGF တပ်သားများပစ်ခတ်ကြောင့် ရွာသူရွာသားများ ကြောက်ရွံ့ထိန့်လန့်မှုများဖြင့် ရင်ဆိုင်နေရပြီး ရွာသူရွာသားများသည် မိမိတို့အိမ်အောက်တွင် တူးထားသောကျင်းထဲတွင် ပုန်းရှောင်နေကြရသည်။

စက်တင်ဘာလအတွင်း SAC တပ်သားများသည် ဖာပွန်မြို့ထဲတွင် လက်နက်ကြီး လက်နက်ငယ်များ မကြာခဏပစ်ခတ်မှုကြောင့် ဒေသခံရွာသူရွာသားများသည် မိမိတို့တူးထားသောကျင်းထဲတွင် ပုန်းရှောင်နေကြရပြီး ထိုလက်နက်ကြီးများ ၎င်းတို့၏အိမ်အားထိမှန်မည်ကို စိုးရိမ်ပူပန်နေကြသည်။ စက်တင်ဘာလ ၃ ရက်နေ့၊ SAC ခြေမြန်တပ်ရင်းအမှတ်(၃၄၀) မှ ဖာပွန်မြို့ရပ်ကွက်-၂ ထဲသို့ လက်နက်ကြီး(၄၀ မမ)ပစ်ခတ်ခဲ့ရာ အဆိုပါလက်နက်ကြီးကျည်ဆံသည် ကုတင် ၁၀၀ ဆေးရုံအနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပါသည်။ ထိုလက်နက်ကြီးကျည်ဆံကြောင့် အသက် ၈၀ နှစ်အရွယ်ရှိ ဒေါ်ချစ်မေမှာ ထိခိုက်ဒဏ်ရာရခဲ့သည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ KNLA တပ်ရင်းအမှတ်(၁၅)နှင့် SAC ခြေမြန်တပ်ရင်းအမှတ်(၄၀၇)ဖာပွန်မြို့၊ ရက်ကွက်-၃ တွင် တိုက်ခိုက်မှုများ ထပ်ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုအတွင်း SAC ၏လက်နက်ကြီး (၈၁ မမ)ကျည်ဆံတစ်လုံးသည် ဦးဂေါ်ယာမီးဖိုအနားတွင် ပြုတ်ကျပေါက်ကွဲသဖြင့် ဦးဂေါ်ယာသား၏ဦးခေါင်းကို ထိခိုက်သော်လည်း ဆိုးရွားစွာထိခိုကိဒဏ်ရာရရှိခဲ့ခြင်းမရှိပါ။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် SAC မှ လက်နက်ကြီးလက်နက်ငယ်များအား မာထောရွာထဲသို့ မကြာခဏ ရမ်းသန်းပစ်ခတ်မှုကြောင့် ဒေသခံရွာသူရွာသားများသည် မိမိတို့၏တိရစ္ဆာန်များ ထိခိုက်မှုသေဆုံးမှုများမရှိအောင် အခြားတစ်နေရာသို့ ပို့ဆောင်ခဲ့သည်။ SAC မှ ခြေမြန်တပ်ရင်းအမှတ်(၄၀၇)မှ တပ်ကြပ်ညိုလွင်သည် လက်နက်ကြီး (၄၀ မမ)ဖြင့် မာထောရွာသားများ ၎င်းတို့၏ကျွဲ၊ နွားနှင့် ဆိတ်များအားခေါ်ဆောင်သွားစဉ် ရွာအပြင်ဖက်တွင် ပစ်ခတ်ခဲ့သည်။ ထိုပစ်ခတ်မှုကြောင့် မာထောကျေးရွာတွင်နေထိုင်သော အသက် ၂၂ နှစ်အရွယ်ရှိ ဖားကျူပီ၏ခြေထောက်အား ထိမှန်ကာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ကမမောင်းမြို့ရှိဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။ ၎င်း၏ဘယ်ခြေထောက်ကို ဆေးရုံတွင်ဖြတ်ခဲ့ရပါသည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ နိုးဖိုးနှင့်ထီးမူးထာရွာတွင် ဗိုလ်ဂေလေးစိုးဦးဆောင်သော SAC ခြေမြန်တပ်ရင်းအမှတ်(၅၈၅)နှင့် KNLA တပ်အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုကဲ့သို့ တိုက်ပွဲဖြစ်ပွားရခြင်းမှာ SAC စစ်သားများ သတ်မှတ်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်မှုကြောင့် ဖြစ်သည်။ ထိုနေ့ ညနေဖက်တွင် SAC စစ်သားများသည် နိုးဖိုးကျေးရွာ၌ တစ်ညအိပ်ခဲ့ပြီး ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် ၎င်းတို့မှကျေးရွာလူကြီးများကို စုဝေးစေကာ ၎င်းတို့ခရီးဆက်ရန်အတွက် ကားများကို စီစဉ်ပို့ခိုင်းစေပါသည်။ ထို့ကြောင့် ရွာလူကြီးများမှ ကား(၈)စီးအား စီစဉ်ခဲ့ပြီး နေ့လယ်တွင် SAC စစ်သားများအား ပို့ဆောင်ခဲ့သည်။ ထိုတိုက်ပွဲကြောင့် ရွာသူရွာသားများ ထိခိုက်ဒဏ်ရာရရှိမှုများ မရှိခဲ့သော်လည်း SAC တပ်မှ ဒေသအတွင်းနှင့်တောထဲ၌ လှုပ်ရှားမှုပိုမိုများပြားလာသောကြောင့် ဒေသခံရွာသူရွာသားများသည် SAC နှင့် KNLA တပ်အကြား တင်းမာမှုများရှိလာပြီး တိုက်ပွဲများဖြစ်ပွားမည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် ဒေသခံရွာသူရွာသားများ၏ လုံခြုံရေးအရ ယခုအချိန်တွင် မိမိတို့၏ခြံနှင့် ရွာအပြင်ထွက်ရန် မပေးထွက်သေးပေ။

## (SAC) စစ်ကောင်စီမှ စစ်လေယာဉ်ဖြင့် ကင်းထောက်ခြင်းနှင့် လေကြောင်းဖြင့်တိုက်ခိုက်ခြင်း

ဒေသခံရွာသူရွာသားများ၏ ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ဒူးသထူ(သထုံ)ခရိုင်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ မူတြော်(ဖာပွန်)ခရိုင်နှင့် ဒူးပလာယာခရိုင်တို့တွင် SAC စစ်လေယာဉ်များသည် နယ်မြေကင်းထောက်လှမ်းမှုများကို နေရာအတော်များများ၌ ပြုလုပ်ကြသည်။ SAC စစ်လေယာဉ်များမှ မူတြော်ခရိုင်တွင် နှစ်ကြိမ်နှင့် ညောင်လေးပင်ခရိုင်တွင်တစ်ကြိမ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။

ပထမအကြိမ် လေကြောင်းတိုက်ခိုက်မှုသည် ၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်မှ ၃၀ ရက်အထိ ဖြစ်ပွားခဲ့ပြီး SAC စစ်လေယာဉ်များသည် ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနိုဒေသ၊ ဒွယ်လိုမြို့နယ်၊ မယ်ကလောအုပ်စုနှင့် ဘူးသိုမြို့နယ်၊ ပဟဲဒေသတို့တွင် လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်။ KHRG လက်ခံရရှိသော အစီအရင်ခံစာအရ ဒေသခံရွာသား ၇ ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အနည်းဆုံး ၂၃ ဦး၊ ကျောင်းအဆောက်အဦး ၃ လုံးပျက်စီး၍ ထောင်နှင့်ချီသော ဒေသခံရွာသားများ တောထဲသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဘူးသိုမြို့နယ်ရှိ ဒေသခံရွာသား ၃၀၀၀ ထောင်ဝန်းကျင်ခန့်သည်လည်း ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၎င်းဒေသခံရွာသား ၃၀၀၀ ခန့်သည် ထိုင်းနိုင်ငံအတွင်း မိနစ်ကြာရောက်ရှိပြီးနောက် ထိုင်းစစ်သားများခွင့်ပြုချက်မရရှိသောကြောင့် ပြန်လှည့်လာခဲ့ကြရသည်။

၂၀၂၁ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်လည်း SAC မှ

စစ်လေယာဉ်များဖြင့် ညောင်လေးပင်ခရိုင် ဆောတီးမြို့နယ်၊ မဲ့ယယ်ခ်ီးအုပ်စု၊ ထီးဖာဒိုးထရွာ၊ မယ်သယ်ခ်ီးဒေသသို့ ပုံးကျဲခဲ့သည်။ ထိုပုံးကျဲမှုတွင် ရွာသား ၉ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ အနည်းဆုံး ၂ ဦးရှိခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်မှစပြီး မေလ ၂ ရက်အထိ SAC စစ်လေယာဉ်များ လေကြောင်းဖြင့် ဘူးသိုမြို့နယ်၊ ခေါ်ပူကျေးရွာအုပ်စု၊ ဒါးဂွင်ဒေသနှင့် ဘူးအားဒဲကျေးရွာအုပ်စုရှိ သီးကော်ထ၊ တရေ့ခီးနှင့် တိုးညိုးထနေရာတို့တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်းကြောင့် ဒေသအတွင်းထွက်ပြေးတိမ်းရှောင်မှုများ ပိုမိုများပြားလာခဲ့သည်။ ဒေသခံရွာသူရွာသားများ အခြားနေရာသို့ အချိန်မှီထွက်ပြေးတိမ်းရှောင်နိုင်ခဲ့သည့်အတွက် သေဆုံးမှုနှင့်ထိခိုက်ဒဏ်ရာရရှိမှုများ မရှိတော့ပါ။

# တပ်မတော်မှ ၎င်းတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဝင်မှုရရှိအောင် ကြိုးပမ်းနေမှုများ

စစ်ကောင်စီမှ ၎င်းတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဝင်ပြုလုပ်နိုင်ရန်အတွက် ဥပဒေအချို့ကိုပြင်ဆင်ခဲ့သည်။ ထိုသို့ပြင်ဆင်မှုအပေါ် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းနှင့် မည်သို့ကွဲလွဲကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ လေ့လာသုံးသပ်မှု စာစောင်တစ်ခု ပြုလုပ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းရက်သတ္တပတ်များတွင် ပြုလုပ်ပြဋ္ဌာန်းခဲ့သော ဥပဒေပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးဆိုင်ရာ ကာကွယ်ပေးမှုများကို ဆိုးရွားစွာ ထိခိုက်စေပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောတပ်မတော်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာသိမ်းခဲ့ပြီး မြန်မာနိုင်ငံအား လက်ရှိကြုံတွေ့နေရသော နိုင်ငံရေးမတည်ငြိမ်မှု အခြေအနေဆီသို့ တွန်းပို့ပေးခဲ့သည်။ ပြည်သူများအပေါ် အကြမ်းဖက်ခြင်းများနှင့်အတူ တပ်မတော်သည် ၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေပုဒ်မ ၄၁၉ အားအသုံးပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(စကစ)ကိုဖွဲ့စည်းကာ ထိုမှတဆင့် မြန်မာနိုင်ငံသားများ၏ အခြေခံလွတ်လပ်ခွင့်ကို ထိပါးနှောင့်ယှက်စေနိုင်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများအား ပြောင်းလဲပြင်ဆင်မှုများစွာကို ပြုလုပ်ပြဋ္ဌာန်းခဲ့သည်။ စစ်ကောင်စီမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုတို့အား ကာကွယ်ပေးသည့်ဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)နှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတို့ကို ပြင်ပြောင်းလဲပြင်ဆင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၃/၂၀၂၁)သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေဖြစ်သည်။ အထူးသဖြင့် ပုဒ်မ ၁၇ အားပြန်လည်ပြင်ဆင်ချက်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်စုစုတွင်နေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဥ့်အိပ်ညဥ့်နေညှော့်သည်အဖြစ် လာရောက်တည်းခိုသည့်အခါများနှင့် ပြန်လည်ထွက်ခွာသည့်အခါများတွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အကြောင်းကြားရမည်။ ပုဒ်မ ၁၇ အားလိုက်နာရန်ပျက်ကွက်ပါက ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ် သို့မဟုတ် ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကို ကျခံရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၂၁ သည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုတို့အား ကာကွယ်ပေးသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြစ်သည်။ စစ်ကောင်စီသည် ပုဒ်မ ၅၊ ၆၊ ၇ နှင့် ၈ တွင်ပါသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေ ဥပဒေတွင်ပါသည့် အခွင့်အရေးအကာအကွယ်ပေးမှုများကို ရပ်ဆိုင်းထားသည်။ ဤပြဋ္ဌာန်းချက်များအား ရပ်ဆိုင်းထားခြင်းအားဖြင့် အာဏာပိုင်များအနေဖြင့် (ပုဒ်မ ၅ အရ) ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ဖမ်းဆီးခြင်းများပြုလုပ်ရန်အတွက် နေအိမ်များနှင့် ပုဂ္ဂလိကပိုင်နေရာများအတွင်းသို့ ဖမ်းဝရမ်းမပါပဲဝင်ရောက်ခွင့်၊ (ပုဒ်မ ၇ အရ) လူပုဂ္ဂိုလ်တစ်ဦးအား တရားရုံးခွင့်ပြုချက်မပါပဲ ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ခွင့်၊ (ပုဒ်မ ၈ အရ) ဖမ်းဝရမ်းတစ်စုံတစ်ရာမရှိပဲ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးကြား ဆက်သွယ်ရေးကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူနားထောင်ခွင့်အပြင် (ပုဒ်မ ၈ အရ) ဖမ်းဝရမ်းမပါပဲ ကြားဖြတ်ဖမ်းယူထားသည့် ဆက်သွယ်ရေးသတင်းအချက်အလက်များအား တောင်းယူ၊ သိမ်းယူခွင့်များကို ရရှိခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၂၁ သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)ကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။ ပုဒ်မ ၅၀၅(က) တွင် အများပြည်သူ သို့မဟုတ် ပြည်သူများအားထိတ်လန့်စေရန်ကြံရွယ်လျှင်၊ မမှန်သတင်းဖြန့်ဝေလျှင်၊ သို့မဟုတ် အစိုးရဝန်ထမ်းတစ်ဦးအား ၎င်းတို့၏စိတ်ဓါတ်တက်ကြွမှု၊ စည်းကမ်း

သောဝပ်မှု သို့မဟုတ် ကျန်းမာမှုများအား ထိခိုက်စေရန်၊ ယုတ်လျော့စေရန်၊ ပျက်စီးစေရန်ဖြစ်တန်သော သို့မဟုတ် ဖြစ်ပေါ်စေပါက အာဏာပိုင်များအနေဖြင့် ထိုလူပုဂ္ဂိုလ်များအား တရားစွဲဆိုခွင့်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၂၁ သည် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။ ဤအကျဉ်းချုပ်စာတမ်းနှင့် သက်ဆိုင်မှုရှိသည့်အချက်မှာ ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ ၃၈ အား ထည့်သွင်းထားခြင်းဖြစ်သည်။ ပုဒ်မ ၃၈(ဂ)တွင် ဆိုက်ဘာနယ်ပယ်တွင် "အများပြည်သူအထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန်" ရည်ရွယ်၍ "သတင်းတုနှင့်သတင်းမှား" ပြုလုပ်ဖန်တီးသူ မည်သူမဆို အပြစ်ပေးအရေးယူခြင်းခံရမည်။ ပုဒ်မ ၃၈(ဃ)တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပြင် ပြဋ္ဌာန်းချက်တွင် အဓိပ္ပါယ်သတ်မှတ်ချက် မဖော်ပြထားသော ယူဆချက်များနှင့် ပတ်သက်သည့် ဆိုက်ဘာတိုက်ခိုက်မှုအမျိုးမျိုးနှင့် သက်ဆိုင်သည့် အပြစ်ပေးအရေးယူမှုများကို ရေးသားထားသည်။ အချို့သောဆိုက်ဘာတိုက်ခိုက်မှုများမှာ တစုံတဦးအား၎င်းတို့၏ကိုယ်ပိုင်ဆိုက်ဘာအရင်းအမြစ်များ ဖြစ်သည့်ကွန်ယက်ချိတ်ဆက်မှုများ၊ ကွန်ပြူတာနှင့် ဒစ်ဂျစ်တယ်အချက်အလက်များကိုရယူခွင့်မရှိအောင်တားဆီးခြင်း၊ (ဖြစ်နိုင်သည်မှာ အကယ်၍ထိုပုဂ္ဂိုလ်သည် အာဏာပိုင်များမှ တရားမဝင်စောင့်ကြည့်နေခြင်းအား တားဆီးသည့်အခါများ)နှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခြင်းများပါဝင်သည်။ ပုဒ်မ ၃၈(င)သည် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံတို့၏ဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေလိုသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် ဆိုက်ဘာနည်းပညာဆိုင်ရာ ရာဇဝတ်မှုများနှင့်ပတ်သက်သော ပြစ်ဒဏ်များဖြစ်သည်။ ဤဆိုက်ဘာနည်းပညာဆိုင်ရာ ရာဇဝတ်မှုများတွင် "ဆိုက်ဘာအရင်းအမြစ်များအားခွင့်ပြုချက်မရှိပဲ ထိုးဖောက်ဝင်ရောက်ရန်ကြိုးစားခြင်း" စသောရှင်းလင်းပြတ်သားမှုမရှိသည့် စကားအသုံးအနှုန်းများပါဝင်သည်။

စစ်ကောင်စီအနေဖြင့် ဆန္ဒပြမှုများကိုဖြိုခွင်းခြင်း၊ လှုပ်ရှားသူများကိုဖမ်းဆီးခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ထိုးစစ်ဆင်ခြင်းများပြုလုပ်ရာတွင် လူသားမဆန်သည့်လုပ်ရပ်များကို ကျူးလွန်ထားပြီးဖြစ်သည်။ ထို့အပြင် စစ်ကောင်စီသည် အထက်ဖော်ပြပါဥပဒေများကို ပြင်ဆင်အသုံးပြုပြီး အဓမ္မစီးနင်းဝင်ရောက်ခြင်းများ၊ ဖမ်းဆီးခြင်းများ၊ ချုပ်နှောင်ခြင်းများနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်ခြင်းများအား တရားဝင်ပြုလုပ်ရန် ထပ်မံကြိုးစားနေခြင်းဖြစ်သည်။ ဤကဲ့သို့သော ပိတ်ပတ်မှုများနှင့် အကြမ်းဖက်မှုများသည် မြန်မာနိုင်ငံမှကာကွယ်ဖြည့်ဆည်းပေးရန် တာဝန်ရှိသည့် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းနှင့် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းပါအချက်များနှင့် ဆန့်ကျင်နေကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏လေ့လာသုံးသပ်ချက်အရ တွေ့ရှိရပါသည်။

## ပြေးစရာမြေမရှိ ပို၍နက်ရှိုင်းလာနေသော မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုရာ အကြပ်အတည်း

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအပေါ် ရှေ့ပြေးအသံအဖွဲ့၏ဦးဆောင်မှုဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့အပါအဝင် အခြားတိုင်းရင်းသားလူထုအခြေပြုအဖွဲ့အစည်း ၉ ဖွဲ့တို့နှင့်အတူ စာတမ်းတိုတစ်စောင်အဖြစ် ပူးတွဲအစီရင်ခံစာရေးသားထုတ်ပြန်ခဲ့ပါသည်။ ဤစာတမ်းတိုအား စက်တင်ဘာလ ၇ ရက်နေ့တွင် ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ရှေ့ပြေးအသံအဖွဲ့၏ဝက်ဘ်ဆိုဒ်စာမျက်နှာတွင် ထုတ်ပြန်ထားပါသည်။ အစီရင်ခံစာမိတ်ဆက်ပွဲကိုမူ အောက်တိုဘာ ၄ ရက်နေ့တွင် အွန်လိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း၈လတာကာလအတွင်း ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် တိုင်းပြည်၏အခြေအနေအရပ်ရပ် ယိုယွင်းပျက်စီးလာခဲ့ပါသည်။ ထို့အပြင် စစ်မက်ပြုခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ကြုံတွေ့နေရသော လူသားချင်းစာနာထောက်ထားမှုအကူအညီများကို စစ်တပ်မှထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်ဆီးခြင်းများမှတစ်ဆင့် ၎င်းတို့၏အကျိုးအမြတ်အတွက် အကြပ်အတည်းအား လက်နက်သဖွယ်အသုံးပြုနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ယခင်ရှိနှင့်ထားပြီးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းမှာ ပို၍ပင်ဆိုးရွားလာခဲ့ပါသည်။

ဤပူးတွဲရေးသားထားသော စာတမ်းတိုသည် မြန်မာနိုင်ငံရှိ အလုံးစုံပျက်စီးယိုယွင်းလာနေသည့် လူသားချင်းစာနာ

ထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ဆန်းစစ်သုံးသပ်ထားပြီး ကချင်၊ ကရင်၊ ရှမ်း၊ ကရင်နီ၊ ချင်းနှင့် ရခိုင်ပြည်နယ်များတွင် ဖြစ်ပေါ်နေသောအခြေအနေများကို အလေးပေးသုံးသပ်ထားပါသည်။

အာဏာသိမ်းမှု မဖြစ်ပွားမီက ရှိနှင့်ပြီးသော ပဋိပက္ခကြောင့် ကာလကြာရှည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူဦးရေ ၁ သန်းခန့်ရှိပြီး အာဏာသိမ်းပြီးနောက် လူဦးရေ ၁ သန်း၏လေးပုံတစ်ပုံကျော် နေရပ်စွန့်ခွာထွက်ပြေးနေရကြောင်း စာတမ်းတို့၏ဖော်ပြချက်အရ သိရှိရပါသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ကရင်၊ ကရင်နီ၊ ကချင်၊ ရှမ်းနှင့် ချင်းပြည်နယ်များတွင် စစ်ကောင်စီတပ်မှလေယာဉ်ဖြင့် ဗုံးကြဲခြင်းနှင့် အခြားပြင်းထန်သော ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရစေခြင်း၊ သေဆုံးစေခြင်း၊ ပြည်သူပိုင်ပစ္စည်းဥစ္စာနှင့် ဘာသာရေးအဆောက်အအုံများ ဖျက်ဆီးခံရခြင်းများအပြင် စစ်ကောင်စီတပ်များသည် အခြားသော လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေများကို ချိုးဖောက်ကျူးလွန်ခဲ့ပါသည်။ ဤကျူးလွန်မှုများသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အားဆန့်ကျင်သော ရာဇဝတ်မှုမြောက်ပါသည်။ အမှန်စင်စစ် ဤချိုးဖောက်မှုများကို တပ်မတော်မှ တိုင်းရင်းသားပြည်သူများအပေါ် ဆယ်စုနှစ်များစွာကတည်းက ကျူးလွန်နေခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကျူးလွန်ခဲ့သည့် သမိုင်းဝင်လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်နေသော ကာလကြာရှည်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရမှုနှင့် အစာရေစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာ စားဝတ်နေရေးအပါအဝင် အခြားမဖြေရှင်းနိုင်သေးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ပိုမိုများပြားလာစေကြောင်း ဤစာတမ်းတို့မှ ထောက်ပြထားပါသည်။

စစ်အာဏာသိမ်းမှုသည် တစ်နိုင်ငံလုံးအပေါ် အကြပ်အတည်းများဖြစ်ပေါ်စေသာမက တိုင်းရင်းသားဒေသများတွင် ကာလကြာရှည်ဖြစ်ပွားနေသော ပဋိပက္ခများခံနေရသည့်အပြင် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်း၏ရိုက်ခတ်မှုဒဏ်အား ပိုမိုခံစားလာရစေပါသည်။ အကြောင်းမှာ Covid 19 ရောဂါကပ်ဆိုး အကြပ်အတည်းဖြစ်ပေါ်နေသည့်ကာလအတွင်း စစ်အာဏာသိမ်းမှုကြောင့် တိုင်းပြည်၏ပျက်စီးယိုယွင်းလာသော အကျပ်အတည်းများ ဆင့်ပွားဖြစ်ပေါ်နေခြင်းသည် တစ်နိုင်ငံလုံးရှိပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအပေါ် ဆိုးရွားစွာ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။

လေ့လာသုံးသပ်ထားသည့် တိုင်းရင်းသားဒေသများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများဆိုင်ရာ ရှာဖွေတွေ့ရှိချက်အရ ရခိုင်ပြည်နယ်တွင် ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အတွင်း AA နှင့် တပ်မတော်အကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည့်အပြင် ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုဖြစ်စေသည့် နယ်မြေရှင်းလင်းစစ်ဆင်ရေးသည် ယခုအချိန်ထိ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ ထိုဖြစ်စဉ်ဖြစ်ပွားကတည်းက ရခိုင်ပြည်နယ်တွင် IDP များရှိလာခဲ့ပြီး ၎င်းတို့သည် IDP စခန်းအပြင်ဘက် လွတ်လပ်စွာဝင်ထွက်သွားလာခွင့်မရှိသလို စခန်းအတွင်းရေကြီးမှုနှင့် ကြုံတွေ့နေရပါသည်။ သို့သော် အဆိုပါ IDP များအတွက် လူသားချင်းစာနာထောက်ထားမှုများ ပြည့်စုံလုံလောက်စွာမရရှိခဲ့ပါ။ ရခိုင်ပြည်နယ်အတွင်း Covid 19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုရောက်ရှိချိန်တွင်လည်း ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာနှင့် အခြားအထောက်အပံ့များ ပြည့်စုံလုံလောက်စွာ လက်ခံရရှိခြင်းမရှိပေ။ စစ်ရေးနှင့်ကပ်ရောဂါတို့၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် အစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံမှ လိုအပ်သောကူညီထောက်ပံ့မှုနှင့် လူသားချင်းစာနာထောက်ပံ့မှုများ မရရှိခဲ့ခြင်းအပေါ် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အမျိုးမျိုးသော အကြပ်အတည်းများကို ဆိုးရွားစွာ ရင်ဆိုင်ခံစားကြရပါသည်။

ထို့နည်းအတူ ချင်းပြည်နယ်တွင် စစ်ကောင်စီတပ်မှ မင်းတပ်မြို့အား စီးနင်းထားပြီးထိုးစစ်ဆင်မှုနှင့် လက်နက်ကြီးဖြင့် ပြင်းထန်သောတိုက်ခိုက်မှုများကြောင့် မြို့သူမြို့သားတစ်သောင်းကျော် ထွက်ပြေးတိမ်းရှောင်ကြရပါသည်။ ၎င်းတို့သည် တောတောင်ထဲတွင် ယာယီတဲများဖြင့်သာ နေထိုင်ကြရပြီး စားနပ်ရိက္ခာလုံလောက်စွာမရှိခြင်းနှင့် မိုးကြီးရေကြီးမှုကြောင့် ခိုင်ခံ့လုံခြုံသော နေထိုင်စရာအမိုးအကာများ မရှိကြပါ။ ချင်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအနေဖြင့်လည်း အာဏာသိမ်းစစ်ကောင်စီ၏ ထိုးစစ်တိုက်ခိုက်မှုအား ရှောင်တိမ်းရန် အိန္ဒိယသို့ ထွက်ပြေးသည့်အခါ အိန္ဒိယအစိုးရ၏ ကူညီထောက်ပံ့မှုမရရှိသည့်အပြင် မတရားဖမ်းဆီးခံကြရပြီး Covid 19 ရောဂါကူးစက်ခံကြရပါသည်။ သို့သော် လူသားချင်းစာနာထောက်ထားမှုအကူအညီမရှိသည့်အပေါ် ၎င်းတို့သည်လည်း အကြပ်အတည်းများစွာနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြရပါသည်။

ကရင်နီ(ကယား)ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များသည်လည်း အလားတူအခြေအနေနှင့် ရင်ဆိုင်နေကြရပါသည်။ စစ်ကောင်စီတပ်မှ အရပ်သားများ၊ ၎င်းတို့၏နေအိမ်နှင့် ဘာသာရေးအဆောက်အအုံများကို ပစ်မှတ်ထားကာ လက်နက်ကြီးများ၊ လေယာဉ်တို့ဖြင့် ထိုးစစ်တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ ထိခိုက် သေဆုံးခြင်း၊ လူနေအိမ်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းများရှိပါသည်။ ထို့မှုမက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အတင်းအဓမ္မခိုင်းစေမှုများ၊ အမျိုးသမီးအပါအဝင် ရွာသားများအား လူသားဒိုင်းအဖြစ်အသုံးပြုခြင်းများ၊ တရားလက်

လွတ်ဖမ်းဆီးမှုနှင့် သတ်ဖြတ်မှုများကိုလည်း ကျူးလွန်ကြပါသည်။ စစ်ကောင်စီမှ စိတ်လိုလက်ရ စစ်ရာဇဝတ်မှုများကျူးလွန်မှုကြောင့် များစွာသောပြည်သူများ ထွက်ပြေးပုန်းရှောင်နေရပါသည်။ ထို့အပြင် စစ်ကောင်စီမှ ထွက်ပြေးတိမ်းရှောင်နေရသောပြည်သူများအား အထောက်အပံ့အကူအညီများမရရှိနိုင်အောင်လည်း စနစ်တကျဖြတ်တောက်ထားပါသည်။ တိုင်းရင်းသားဒေသ ပြည်နယ်အသီးသီးတွင်မှာလည်း Covid 19 ကပ်ရောဂါကူးစက်ပျံ့ပွားမှုများ ဖြစ်ပေါ် လျက်ရှိပြီး ကျန်းမာရေးဝန်ဆောင်မှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများလုံလောက်စွာမရရှိကြပါ။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် စစ်အာဏာသိမ်းပြီးကတည်းက ၎င်းတို့၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့မှသိုယွင်းပျက်စီးကုန်ကြပြီး အကြပ်အတည်းပေါင်းစုံနှင့် ရှင်သန်နေထိုင်ကြရပါသည်။

အထက်တွင်ဖော်ပြထားသည့် စာတမ်းတို့၏ လေ့လာတွေ့ရှိချက်အတိုင်း တိုင်းရင်းသားဒေသအသီးသီးတွင် ကြုံတွေ့နေရသည့် အကြပ်အတည်းအပေါ် အရေးတကြီးလိုအပ်နေသော လူသားချင်းစာနာထောက်ထားမှု မရောက်ရှိကြပေ။ အကြောင်းမှာ စစ်ကောင်စီမှ အကြပ်အတည်းအား လက်နက်သဖွယ်အသုံးချပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဖြတ်တောက်ခြင်း၊ ပိတ်ပင်တားဆီးခြင်းနှင့် ဖျက်ဆီးခြင်းများ လုပ်ဆောင်နေသောနေပါသည်။ ဤလုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး "အာဏာသိမ်းစစ်တပ်ဟာဆိုလို့ရှိရင် ဟိုအရင်ဖြတ်လေးဖြတ်တုန်းကလိုပုံစံမျိုး လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို ပေးပို့တဲ့အခါမှာ အာဏာသိမ်းစစ်တပ်က KNU အတွက်ပေးပို့တယ်ဆိုပြီး လမ်းတွေမှာပစ်တာတွေ၊ ဖမ်းတာတွေလုပ်တဲ့အတွက်ကြောင့်မို့လို့ တကယ်တမ်းနစ်နာသူတွေက ဒီစစ်ဘေးရှောင်ပြည်သူတွေပဲဖြစ်တယ်။" ဟု ကရင်လူ့အခွင့်အရေးအဖွဲ့၏ဒါရိုက်တာဖြစ်သည့် ဆရာမနော်ထူးထူးမှ ပြောကြားပါသည်။

ထို့ကြောင့် အထောက်အပံ့ပေးမည့်အဖွဲ့အစည်းနှင့် အလှူရှင်များအနေဖြင့် တိုင်းရင်းသားဒေသများဆီ ကူညီထောက်ပံ့မှုပေးရန် အကြီးမားဆုံးအဟန့်အတားများနှင့် ကြုံတွေ့နေရပါသည်။ ဤအချက်နှင့်စပ်လျဉ်း၍ လက်ရှိအချိန်တွင် အလှူရှင်နှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ သမရိုးကျလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများဖြစ်ကြသော "ကြားမနေရေး၊ ဘက်မလိုက်ရေးနှင့် သီးခြားလွတ်လပ်မှု" တို့ကိုဆုပ်ကိုင်ထားပြီး တရားမဝင်သော ရက်စက်ကြမ်းကြုတ်သည့် စစ်အုပ်စုနှင့်လက်တွဲပြီး အကူအညီများပေးအပ်မည် သို့တည်းမဟုတ် ဒေသခံနှင့် တိုင်းရင်းသားလူထု အခြေပြုအဖွဲ့အစည်းများ၊ ဒီမိုကရက်တစ်အင်အားစုများနှင့် မြန်မာနိုင်ငံကိုတရားဝင်ကိုယ်စားပြုသော ကြားဖြတ်အစိုးရဖြစ်သည့် NUG တို့နှင့် လက်တွဲပြီး ပိုမိုတိုးတက်သည့် ကူညီပံ့ပိုးမှုများဆိုင်ရာလမ်းကြောင်းများကို ရွေးချယ်မည်ဆိုသည့် အရေးကြီးသောရွေးချယ်မှုတစ်ရပ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း စာတမ်းတိုမှ ထောက်ပြထားပါသည်။

နောက်ဆုံးအနေဖြင့် အစီရင်ခံစာပူးတွဲရေးသားသူများသည် တိုင်းရင်းသားဒေသအသီးသီးမှ ၎င်းတို့၏လေ့လာတွေ့ရှိချက်အပေါ် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် သက်ဆိုင်ရာတာဝန်သူများ အထူးသဖြင့် အလှူရှင်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေသည့် အဖွဲ့အစည်းများကို တိကျရှင်းလင်းသည့် အကြံပြုတိုက်တွန်းချက်များကိုလည်း ပေးထားပါသည်။

# အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ပေါ်တာထမ်းခိုင်းခြင်းနှင့် လူသားဒိုင်းအဖြစ် အသုံးပြုခြင်း

## SAC တပ်သားများမှ အရပ်သားများ၏ပိုင်ဆိုင်မှုများအား ခိုးယူခြင်း

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် SAC စစ်ကွပ်ကဲအခြေစိုက်(စကခ) အမှတ်(၈)လက်အောက်ခံဖြစ်သည့် ခြေမြန်တပ်ရင်း(ခမရ)အမှတ်(၄၀၇)သည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ထို့သီးအူးကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦး၏ဈေးဆိုင်တွင်ရှိသည့် ငွေကျပ် ၄ သိန်းတန်ဖိုးရှိသော ပစ္စည်းများအားလုံးကို ခိုးယူခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဖွန်လတွင် KNLA တပ်ရင်းအမှတ်(၁)မှ စကခအမှတ်(၈)လက်အောက်ခံ ခမရအမှတ်(၄၀၆)ကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ခမရအမှတ်(၄၀၆)သည် ဒုတပ်ခွဲမှူးဗိုလ်တင်ဝင်းဦးဆောင်သော နယ်ခြားစောင့်တပ်(BGF)(၁၀၁၄)တို့နှင့်ပူးပေါင်းခဲ့ကြကာ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ တကော်ဘိုးကျေးရွာအုပ်စု၊ လ---ကျေးရွာအနီး နို့ခေးဒေသတွင် လှုပ်ရှားနေကြသည်။ ဤဒေသသည် ကရင်အမျိုးသားအစည်းအရုံး(KNU) ထိန်းချုပ်နယ်မြေဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးသည့်နောက် ရွာသားများထွက်ပြေးတိမ်းရှောင်နေချိန်တွင် SAC စစ်သားများနှင့် BGF စစ်သားများက လ---ရွာသားများဖြစ်သော စောဟ---နှင့် နော်အ---တို့၏ နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့၍ ၎င်းတို့၏ဆိုလာပြားများအား သိမ်းယူခဲ့ပြီး ရွှေလည်ဆွဲတစ်ကုံး၊ ရွှေနားကပ်တစ်စုံ၊ ကျောက်စိမ်းပါရှိသောရွှေလက်စွပ်တစ်ကွင်းနှင့် ဆန်ပုံးအကြီးတစ်ပုံးကိုလည်း ခိုးယူသွားခဲ့သည်။

ဤကဲ့သို့ပြုလုပ်ခြင်းသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၊ အပိုဒ်၉(ဃ)ဖြစ်သော "ခွင့်ပြုချက်မရှိဘဲ ပစ္စည်းဥစ္စာများအားလုယူခြင်း၊ ခိုးယူခြင်းနှင့် သိမ်းယူခြင်းများ" အား အလျင်းမပြုရန် တားမြစ်ထားသော သဘောတူညီချက်အား ထင်ရှားစွာချိုးဖောက်ခြင်းပင်ဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ စတုတ္ထအကြိမ်မြောက် ဂျီနီဗာအစည်းဝေး၌လည်း ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားစဉ်တွင် အရပ်သားများ၏ ပိုင်ဆိုင်မှုဥစ္စာပစ္စည်းများကို လုယက်ခြင်းအား အတိအလင်းတားမြစ်ထားသည်။





အထက်ပါပုံများကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ဒူးပလယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တော်ပလိုက်ကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့သည်။ ပုံများတွင် ဩဂုတ်လ ၂၆ ရက်နေ့၌ ဒေသခံရွာသားများ တောထဲသို့ထွက်ပြေးနေချိန်တွင် SAC ခလရအမှတ်(၃၂)မှ ရွာသားတစ်ဦး၏ အိမ်တွင် လာရောက်တည်းခိုပြီး ချက်ပြုတ်စားသောက်သည့်အပြင် ရွာသား၏ကြက်အကောင်(၄၀)၊ ထမင်းအိုးတစ်လုံး၊ ဖွန်းကြီးနှစ်ချောင်း၊ ဒယ်အိုးနှစ်လုံးနှင့် ပုဂံနှစ်ချပ်တို့ကို ခိုးယူခဲ့သည်။ (ဓာတ်ပုံများ - KHRG)

## SAC စစ်တပ်မှ ရွာသားများအား အတင်းအဓမ္မဖမ်းဆီးခြင်း

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် SAC စကခအမှတ်(၈)လက်အောက်ခံ ခမရအမှတ်(၄၀၇)သည် ဘူးသိုမြို့နယ်၊ မဲကလောကျေးရွာအုပ်စု၊ ဇော့ရှမ်းကျေးရွာ၊ ဇော့ရှမ်းဘုန်းကြီးကျောင်းတွင် မာထောရွာသားတစ်ဦးဖြစ်သူ အသက် ၃၅ နှစ်အရွယ် စောက---အား ဖမ်းဆီးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် SAC စစ်သားများမှ စောက---က KNU နှင့် အဆက်အသွယ်ပြုလုပ်သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။

ထို့အတူ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ လယ်ဒိုမြို့ရှိ သံဘိုတပ်စခန်းတွင် အခြေစိုက်နေထိုင်သည့် SAC ခြေလျင်တပ်ရင်း(ခလရ)အမှတ်(၆၀)မှ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ထီးလော်ခီး(ရေလဲ)ကျေးရွာအုပ်စု၊ အ---ကျေးရွာမှ အသက်(၄၀)အရွယ် ဒေသခံရွာသားတစ်ဦးဖြစ်သူ စောစ---ကို လာရောက်ဖမ်းဆီးခဲ့သည်။ ထိုရွာသားသည် KNLA တပ်စခန်းများတွင် ကိုယ့်ကိုကိုယ်ခုခံကာကွယ်ရန်အတွက် (၁၀)ရက်တာ အခြေခံစစ်သင်တန်းများအား တက်ရောက်သင်ယူနိုင်ရန် လူငယ်များနှင့် CDM တွင် လာရောက်ပါဝင်ပူးပေါင်းသူများကို KNLA နယ်မြေသို့ ပို့ဆောင်ခဲ့သောကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ထို့အပြင်၎င်းသည် ပေါက်ကွဲစေနိုင်သည့် လက်နက်ခဲယမ်းများကိုထုတ်လုပ်၍ အသုံးပြုနေသည်ဟုလည်း စွပ်စွဲခံရပါသည်။ SAC မှ စောစ---အား ရာဇသတ်ကြီးပုဒ်မ၅၀၅(က) ဖြင့်

တရားစွဲဆိုခဲ့ပြီး တောင်ငူမြို့ထောင်ထဲတွင် ပို့ဆောင်ခဲ့သည်။ စောစ---၏မိသားစုဝင်များသည် ၎င်းအတွက်ဆေးဝါးများနှင့် အစားအစာများ ပို့ဆောင်နိုင်ခဲ့ပါသည်။ သို့သော် ၎င်းနှင့်လူကိုယ်တိုင် တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပေ။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ဒူးသထူးခရိုင်ရှိ KNLA စစ်ခေါင်းဆောင်နှစ်ဦးဖြစ်သည့် ဘီးလင်းမြို့နယ်မှ ဗိုလ်ပလေ့နှင့် မော်စကိုမြို့နယ်မှ ဖူးဝေါ်ခို့တို့သည် ရောဂါဖြင့်သေဆုံးခဲ့ပြီးနောက် မော်စကိုမြို့နယ်တွင်ရှိသည့် SAC စစ်တပ်မှ အခွင့်ကောင်းယူ၍ မော်စကိုမြို့နယ်၊ အီဂဲကျေးရွာအုပ်စု၊ အီဝဲကျေးရွာရှိ KNLA တပ်စခန်းကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ SAC စစ်သားများမှ KNLA တပ်စခန်းကို သိမ်းပိုက်နိုင်ခဲ့ပြီး အပြစ်မရှိသည့် ရွာသားများအပါအဝင် KNLA စစ်သား(၁၀)ဦးကျော် ကို ဖမ်းဆီးခဲ့သည်။ အဖမ်းဆီးခံရသည့် ရွာသားများသည် KNLA တပ်စခန်းအနီးနားတွင် နေထိုင်သော အီဝဲရွာသားများဖြစ်သည်။ အဖမ်းဆီးခံရသည့် ရွာသားများနှင့် KNLA စစ်သားများကို SAC မှ ၎င်းတို့အား ရှင်မသွယ်မြို့၊ ရှင်မသွယ်ထောင်သစ်ထဲသို့ ပို့ဆောင်ခဲ့သည်။ အဖမ်းဆီးခံရသည့် ရွာသားများ၏မိသားစုဝင်များသည် ၎င်းအတွက် စားစရာများ ပို့ဆောင်နိုင်ခဲ့ပါသည်။ သို့သော် ၎င်းတို့နှင့်လူကိုယ်တိုင် တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပေ။ ဖမ်းဆီးခံရသည့်ရွာသားများသည် တရားရုံးတက်ရောက်မည်လား သို့မဟုတ် ဘယ်အချိန်တွင်လွှတ်မြောက်လာမည်နှင့်ပတ်သတ်ပြီး သေချာသိရှိရခြင်းမရှိပေ။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ခလရအမှတ်(၆၀)မှ SAC စစ်သား(၇၀)ကျော်သည် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ရေလဲကျေးရွာအုပ်စု၊ ရေလဲကျေးရွာတွင် ဝင်ရောက်လာခဲ့သည်။ SAC စစ်သားများသည် ၎င်းတို့ကားများဖြင့် ရွာထဲသို့ရောက်ရှိလာပြီး ရွာသားငါးဦး၏အမည်များပါဝင်သည့် စာရင်းတစ်ခုကိုကိုင်ဆောင်လာ၍ ထိုရွာသားငါးဦး၏အိမ်ယာများကို လိုက်လံမေးမြန်းခဲ့သည်။ ထိုရွာသားငါးဦးမှာ မောင်ကခ---၊ စောကဂ---၊ စောကဃ---၊ စောကင---နှင့် စောကစ---တို့ဖြစ်ကြသည်။ ထို့နောက် SAC စစ်သားများသည် ထိုရွာသားငါးဦးကို ကျောက်ကြီးမြို့ရှိ ခမရအမှတ်(၃၅၁)တပ်စခန်းတွင် ခေါ်ဆောင်လာခဲ့ပြီး ထိန်းသိမ်းချုပ်နှောင်ခဲ့သည်။ ထို့နောက် အစိုးရဖက်မှ ရေလဲကျေးရွာအုပ်ချုပ်ရေးမှူးဦးတင်စိုးသည် အဖမ်းဆီးခံရသည့်ရွာသားငါးဦးနောက်သို့လိုက်၍ ၎င်းတို့အားလွှတ်ပေးရန် အသနားခံတောင်းဆိုခဲ့သည်။ ထို့ပြင်အစိုးရဖက်မှ ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးမှလည်း ထိုရွာသားငါးဦးအား လွှတ်ပေးရန်အတွက် SAC စစ်သားများအား သွားရောက်တွေ့ဆုံခဲ့ပြီးနောက် SAC မှ ထိုရွာသားများအား လွှတ်ပေးခဲ့သည်။ သို့သော် SAC မှ ကျေးရွာအုပ်ချုပ်ရေးမှူးအား စစ်ဆေးမေးမြန်းရန်အတွက် တစ်ရက်တာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးမှ ထိုရွာသားငါးဦးအား ကားဖြင့်လမ်းတစ်ဝက်သာ လိုက်လံပို့ဆောင်ခဲ့ပြီး ရွာသားများက ၎င်းတို့ရွာသို့ကိုယ့်ဘာသာ ပြန်လာခဲ့ရသည်။ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် SAC စစ်သားများဆီမှ ရေနှင့်စားစရာများရရှိခဲ့သည်ဟု ထိုရွာသားများက တင်ပြခဲ့သည်။ သို့သော် SAC မှ ၎င်းတို့အားဘာကြောင့်ဖမ်းဆီးခဲ့သည်ကို မသိရှိရသည့်အပြင် SAC မှလည်း ၎င်းတို့အား မည်သည့်စစ်ဆေးမေးမြန်းမှုများမလုပ်ခဲ့ပေ။ SAC မှ ၎င်းတို့ရရှိသည့်သတင်းများအရ KNU နှင့် အဆက်အသွယ်ပြုလုပ်သည်ဟု ရေလဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်စိုးအား စစ်ဆေးမေးမြန်းခဲ့ခြင်းဖြစ်သည်။ SAC မှ ဦးတင်စိုးအား ဤကဲ့သို့မေးမြန်းခဲ့သည်။ “KNU တွေက မင်းရဲ့အိမ်ကိုလာနေရင် သူတို့ကိုလက်ခံတာလား။ KNLA ကပေးတဲ့အခြေခံစစ်သင်တန်းတွေကဘယ်နားမှာလဲ။ CDM သမားတွေက ဘယ်မှာရှိလဲ။” ဦးတင်စိုးမှလည်း ၎င်းဘာမှမသိရှိသည့်အတွက်ကြောင့် ဘာမှမသိရဘူးဟု ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် SAC မှ ၎င်းအားလွှတ်ပေးခဲ့သည်။

SAC စစ်သားများမှ ယခုကဲ့သို့ရွာထဲတွင် ဝင်ရောက်၍ ရွာသားများအား ဖမ်းဆီးမှုများပြုလုပ်ခြင်းသည် ဒေသခံများအတွက် ကြောက်ရွံ့စိုးရိမ်ခြင်းများနှင့် မလုံခြုံမှုများပို၍ဖြစ်ပေါ် စေသည်။

## ရွာသားများအားဖမ်းဆီးနှိပ်စက်ခြင်းနှင့် ခြိမ်းခြောက်ခြင်း

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ မနက်ပိုင်း ၈း၃၀ မိနစ်တွင် မာထောကျေးရွာရှိ ဘုန်းကြီးကျောင်းတံခါးရှေ့တွင် မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။ ထို့နောက် SAC ခမရအမှတ်(၄၀၇)မှ ဗိုလ်ကျော်မင်းထက်နှင့် သူ့နောက်လိုက်စစ်သားများသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုနေရာအနီးနားတွင်နေထိုင်သော ကဆ---ကျေးရွာသားသုံးဦးအား ခေါ်ယူတွေ့ဆုံခဲ့ပြီး ၎င်းတို့အား ထိုဖြစ်စဉ်တွင်ပါဝင်ကြသည်ဟုစွပ်စွဲခဲ့သည်။ ထိုရွာသားသုံးဦးမှာ စောကည---(၄၅နှစ်)၊ စောကတ---(၃၄နှစ်)နှင့် စောကထ---(၂၅နှစ်)ဖြစ်သည်။ စောကတ---မှ KHRG အား ဤသို့တင်ပြခဲ့သည်။ “မြေမြှုပ်မိုင်းပေါက်ကွဲမှုထဲမှာ ဗမာစစ်သားတွေ သေကြေထိခိုက်တာမရှိတဲ့အတွက် အရမ်းကောင်းတယ်။ သူတို့စစ်သားတစ်ယောက် သေသွားလို့ကတော့ ငါတို့ကိုသူတို့ တကယ်ပစ်သတ်မှာသေချာတယ်။” SAC ဗိုလ်တစ်ဦးက စောကည---၏ခေါင်းကို ဆောင့်ကန်ခဲ့ပြီး စောကတ---ကိုလည်း တစ်ချက်ကန်ပစ်ခဲ့သည်။ ထို့ပြင် စောကထ---ကို ဆောင့်ကန်သည့်အပြင် သူ၏ခေါင်းကို သေနတ်ဒင်ဖြင့်ရိုက်ထုပြီး ဦးခေါင်းကွဲသွား၍ သွေးများထွက်ခဲ့သည်။ SAC ဗိုလ်တစ်ဦးက ရွာသားများအား ဤသို့ပြောခဲ့သည်။ “KNLA စစ်သားတွေက ငါတို့ကိုနောက်တစ်ခါလာပစ်ရင် မင်းတို့တစ်ရွာလုံးကို အကုန်သတ်ပစ်မယ်။ မင်းတို့ရွာမှာ ငါ့ဆွေမျိုးတစ်ယောက်မှမရှိဘူး။” SAC မှ KNLA စစ်သားများသည် ၎င်းတို့အား ထပ်မံပစ်ခတ်တိုက်ခိုက်လျှင် ၎င်းတို့အနေဖြင့် လက်နက်ကြီးများကို ရမ်း

သန်းပစ်ခတ်သွားမည်နှင့် ဖြစ်စဉ်နှင့်နီးသောအိမ်များကို မီးရှို့ဖျက်ဆီးပစ်မည်ဟု ရွာသားများအား ထပ်မံ၍ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ထို့အပြင် သူတို့ခိုင်းတာမှန်သမျှကို ရွာသားများက လိုက်လုပ်ပေးရမည်ဟုလည်း ပြောခဲ့သည်။ ထိုသို့ပြောပြီးနောက် SAC စစ်သားများမှ လမ်းပေါ်တွင်သေနတ်ဖြင့်ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုသို့ရမ်းသမ်းပစ်ခတ်ရာတွင် ဘုန်းကြီးတစ်ပါး၏လက်မောင်းကို ထိမှန်ခဲ့ပြီး ရွာသားတစ်ဦး၏ဆိတ်တစ်ကောင်ကိုလည်း ထိမှန်ခဲ့သည်။ သို့သော် SAC စစ်သားများသည် မည်သည့်လျော်ကြေးမှ ပေးဆောင်ခြင်းမရှိခဲ့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိမှုကို ၎င်းတို့ကိုယ်တိုင်ကုပေးမည်ဟုလည်း ပြောခဲ့သည်။ ရွာသားများမှ SAC ၏ဆေးကုသမှုကို မလိုလားဘူးဟု ပြန်လည်ဖြေကြားခဲ့သည်။

## SAC နှင့် BGF စစ်သားများမှ ရွာသားများအား ပေါ်တာဆွဲခြင်း၊ လမ်းပြအဖြစ်ခိုင်းစေခြင်းနှင့် လူသားဒိုင်းသဖွယ် အသုံးပြုခြင်း

SAC စစ်သားများနှင့် ဗိုလ်လှကြိုင်ဦးဆောင်သည့် BGF တပ်ရင်းအမှတ်(၁၀၁၃) လက်အောက်ခံတပ်ခွဲအမှတ်(၁)သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် လေးကေ့တပ်စခန်းမှစတင်ထွက်ခွာပြီး စားနပ်ရိက္ခာများပို့ဆောင်ရန်နှင့် BGF တပ်ခွဲအမှတ်(၁)နှင့် အမှတ်(၂)ပြောင်းလဲလှုပ်ရှားရန်အတွက် KNU ထိန်းချုပ်နယ်မြေတွင်းရှိ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ယိုကလားကျေးရွာအုပ်စု၊ ယိုကလားတပ်စခန်းသို့ ထွက်ခွာခဲ့သည်။ BGF တပ်ရင်းအမှတ်(၁၀၁၃)သည် လေးကေ့တပ်စခန်းနှင့် ယိုကလားတပ်စခန်းကြားတွင် လှည့်လည်လှုပ်ရှားနေသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့၌ SAC နှင့် BGF တပ်ခွဲ(၁)တို့သည် ခရီးသွားလာနေချိန်တွင် ကြိုးဝိုင်းရွာ၊ ထီးဖါဒို့ထရွာ၊ ကော်ဖိုးခို့နှင့် ယိုကလားကျေးရွာတို့မှ ရွာသားများ(၄၀၀)ကျော်ကို (ကြိုးဝိုင်းရွာသား ၁၀၇ ဦး၊ ထီးဖါဒို့ထရွာသား ၁၈၀ ဦး၊ ယိုကလားရွာသား ၁၈၀ ဦးနှင့် ကော်ဖိုးခို့ရွာသားမည်မျှမသိရှိရ) ပေါ်တာအဖြစ်ခိုင်းစေခဲ့သည်။ တစ်ချိန်ထဲတွင် KNLA စစ်သားများ တိုက်ခိုက်မှုမှကာကွယ်ရန်အတွက် ထိုရွာသားများအား လူသားဒိုင်းသဖွယ်အဖြစ် အသုံးပြုခဲ့သည်။ အိမ်တစ်အိမ်လျှင် မိသားစုဝင်တစ်ဦးမှ ပေါ်တာအဖြစ်လုပ်စေရမည်ဖြစ်ပြီး ရွာသားများ(၄၀၀)ကျော်ထဲတွင် ကျောင်းသားများ အပါအဝင် ကလေး ၁၂ ဦးကျော်ရှိပြီး အမျိုးသမီးဦးရေက အမျိုးသားများထက်ကျော်လွန်သည့်အပြင် ထိုအထဲတွင် သက်ကြီးရွယ်အိုများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်သည့် ရွာသားများလည်းပါဝင်သည်။ စစ်တပ်မှ ဆန်အိတ်မှာ ၁၀၅ နှင့်အခြားသောစားစရာဖြစ်သည့် ငါးသေတ္တာများကို သယ်ဆောင်ခိုင်းခဲ့သည်။ ထို့ပြင်ရွာသားများတစ်ချို့မှာ လက်နက်ကြီးကျည်ဆံများကိုလည်း ထမ်းဆောင်ပေးရပါသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် စစ်တပ်နှင့် BGF စစ်သားများသည် တပ်ချိန်းပြီး စားနပ်ရိက္ခာများသယ်ယူပို့ဆောင်ပြီးနောက် ၎င်းတို့နေရာသို့ပြန်လာသည့်အချိန်တွင် ရွာသားများအား ၎င်းတို့နောက်သို့လိုက်ပေးရန် အတင်းအဓမ္မခေါ်ဆောင်ခဲ့ပြီး လူသားဒိုင်းသဖွယ် အသုံးပြုခဲ့သည်။ ထ---ရွာသို့မရောက်ခင်အချိန်တွင် KNLA စစ်သားများမှ ၎င်းတို့အားပစ်ခတ်ခဲ့သည်။ ထို့ကြောင့် စစ်တပ်နှင့် BGF စစ်သားများက ရွာသားများအား ၎င်းတို့နောက်သို့ ထ---ရွာဘုန်းကြီးကျောင်းအထိ လိုက်ပေးရန်ခေါ်ဆောင်ခဲ့သည်။ ဘီးလင်းမြို့နယ်၊ မ---ကျေးရွာအုပ်စု၊ ဘ---ရွာတွင်နေထိုင်သော ထ---ရွာသူတစ်ဦးဖြစ်သူ နော်ဖ---သည ဤကဲ့သို့တင်ပြခဲ့သည်။ "သူတို့က ကျွန်မတို့အားလုံးကိုခေါ်တယ်။ ...သူတို့ကျွန်မအိမ်ကိုရောက်တဲ့အခါမှာ သူတို့ကိုတွေ့တဲ့ရွာသားတွေကကြောက်ပြီး ထွက်ပြေးတယ်။ ရွာသားတွေက သူတို့နောက်မလိုက်ရင် သူတို့ကရွာသားတွေကို ရမ်းသမ်းပြီးခြိမ်းခြောက်ပစ်ခတ်တယ်။ သူတို့ရဲ့စစ်ဗိုလ်တစ်ယောက်က အဲဒီလိုပစ်ခတ်စစ်သားတွေကိုတွန်းထုတ်ပြီး သူတို့ကိုဒီလိုပြောတယ်။ 'မင်းတို့ပစ်ရင်ထိအောက်ပစ်တဲ့။ အဲဒီလိုခြိမ်းခြောက်ပြီးမပစ်နဲ့။ သေအောက်ပစ်။' ...သူတို့စစ်သားက စစ်သင်တန်းတွေကိုတက်ခဲ့ရတဲ့ စစ်သားတွေနဲ့မတူဘူး။ သူတို့ရွာထဲကိုဝင်လာတဲ့အချိန်မှာ သေနတ်၊ ကျည်ဆံတွေကို အလကားရသလိုမျိုးဘဲ ရွာထဲမှာ သေနတ်ပစ်ဖောက်ကြတယ်။" နော်ကယ---မှလည်း ဤသို့ပြောခဲ့သည်။ "ဗမာစစ်သားတွေက အရမ်းဆိုးတယ်။ သူတို့ရွာထဲကိုဝင်လာတာ လူတွေနဲ့မတူဘူး။ ဘာနဲ့တူလဲဆိုတော့ ခွေးရူးတွေရွာထဲကိုဝင်လာပြီး တွေ့သမျှလူတွေကိုလိုက်ကိုက်တတ်တယ်။" ဘီးလင်းမြို့နယ်၊ ရ---ကျေးရွာအုပ်စု၊ လ---ကျေးရွာမှ စောရ---လည်း ဤသို့တင်ပြခဲ့သည်။ "ကျွန်တော်က ပြည်သူတစ်ဦးအနေနဲ့ ပြည်သူတွေအတွက်ချမှတ်ထားတဲ့ ဥပဒေတွေက အခုတော့အသုံးမဝင်တော့ဘူးလို့ (ကုလသမဂ္ဂနဲ့ နိုင်ငံတကာတွေကို) အသိပေးစေချင်ပါတယ်။ ...ပြည်သူလူထုအတွက် ကာကွယ်ပေးရမဲ့ဥပဒေတွေမရှိတဲ့အတွက် အခုတော့ကျွန်တော်တို့တွေ အကြောက်တရားတွေနဲ့ အသက်ရှင်နေရတယ်။ ကျွန်တော်တို့နဲ့ ကျွန်တော်တို့ရဲ့လုံခြုံရေးအတွက် အမြဲတမ်းစိုးရိမ်နေရတယ်။" ထီးဖါဒို့ထကျေးရွာမှ နော်ဖ---က ယခုလိုပြောခဲ့သည်။ "ကျေးဇူးပြု၍ ကျွန်မတို့ကိုအမြန်ဆုံးကူညီပေးပါ။ ...ဒီလိုမှမဟုတ်ဘူးဆိုရင် ကျွန်မတို့တွေငတ်ပြီးသေရလိမ့်မယ်။ ...ဒီလိုမျိုးပဋိပက္ခ၊ ပြဿနာတွေကို အမြန်ဆုံးပြီးဆုံးစေချင်တယ်။"

# စစ်ကောင်စီတပ်များမှ အရပ်သားများအား သတ်ဖြတ်ခြင်း

ဤမှုခင်းသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ညနေ ၄ နာရီအချိန်တွင် ဒွယ်လိုးမြို့နယ်၊ လေးဖိုးထာကျေးရွာအုပ်စု၊ က---ကျေးရွာတွင် အခြေစိုက်တပ်စွဲထားသော နယ်ခြားစောင့်တပ်(BGF) တပ်ရင်းနံပါတ်(၁၀၁၄)မှ ဘူးသိုမြို့နယ်၊ ထီးသဒေါ်ထာကျေးရွာအုပ်စု၊ ခ---ကျေးရွာတွင်းသို့ လက်နက်ကြီး (၈၁ မမ) ဖြင့် ပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ခ---ကျေးရွာတွင်းသို့ လက်နက်ကြီးကျည်ဆံများ ကျရောက်ပေါက်ကွဲခဲ့ပြီး စောဂ---နှင့်၎င်း၏ဇနီးအား ထိမှန်ခဲ့ကာ ၎င်း၏ဇနီးသည် ထိုကျည်ဆံပေါက်ကွဲခဲ့သည့်နေရာတွင်ပင် ပွဲချင်းပြီးဆုံးသွားခဲ့သော်လည်း စောဂ---မှာမူ ဘားအံဆေးရုံတွင်ကွယ်လွန်ခဲ့သည်။

ထို့အတူ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် စစ်ကောင်စီ(SAC)၏ စစ်ကွပ်ကဲအခြေစိုက်(စကခ)အမှတ်(၈) လက်အောက်တွင်ရှိသည့် ခြေမြန်တပ်ရင်းနံပါတ်(၄၀၈)မှ င---ကျေးရွာ၊ လေးဖိုးထာကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အသက်(၁၁)အရွယ် နော်စ---အားထိမှန်ခဲ့ပြီး ကွယ်လွန်ခဲ့သည်။

လှူသောမြို့နယ်၊ ခေးပူကျေးရွာအုပ်စု၊ ဘူးဖိုးလူတပ်စခန်းတွင်အခြေစိုက်တပ်စွဲထားသည့် စကခအမှတ်(၄)လက်အောက်တွင်ရှိသည့် SAC ခြေမြန်တပ်ရင်း(၇၀၄)သည် ဆ---ရွာသားတစ်ဦးအား ဧပြီလ ၁၁ ရက်နေ့ညနေ ၃ နာရီ ၃၀ မိနစ်အချိန်တွင် ပစ်သတ်ခဲ့သည်။ ဤရွာသားသည် ဈေးဝယ်သွားရန် ကော်တည်ဒဲဒေသရှိ လမ်းမကြီးအားဖြတ်သွားချိန်တွင် ပစ်သတ်ခံရခြင်းဖြစ်သည်။

ဧပြီလ ၁၂ ရက်နေ့နံနက် ၇ နာရီအချိန်တွင် SAC ခြေမြန်တပ်ရင်း(၄၀၅)၊ (၄၀၈)နှင့် BGF တပ်ရင်း(၁၀၁၄)ပူးပေါင်းအဖွဲ့တို့မှ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ၅---ရွာသား စောည---မှ ၎င်း၏မိသားစုအတွက် ကမမောင်းမြို့တွင်ဈေးဝယ်သွားချိန်၌ ၎င်းအားပစ်သတ်ခဲ့သည်။


၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် SAC ခြေမြန်တပ်ရင်း(၂၄)နှင့် SAC ၏ အခြားတပ်ရင်းများမှ ဒူးသထူခရိုင်၊ မောစကိုမြို့နယ်၊ အေးပိုင်းကျေးရွာအုပ်စု၊ တ---ကျေးရွာတွင် အခြေစိုက်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၏ တပ်စခန်းအား တိုက်ခိုက်သိမ်းခဲ့သည်။ SAC မှ KNLA အားတိုက်ခိုက်ပြီးသည့်အချိန်မှစ၍ ၎င်းတို့၏စစ်သားဦးရေ ၂၀၀ ကျော်လောက် ထိုနေရာတွင်ယာယီတပ်စွဲပြီး ရွာသားများအား ညနေ ၆ နာရီမှစ၍ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ခဲ့သည်။ SAC စစ်သားများ တပ်လာမဆွဲမီ ရွာသားများမှ ညအချိန်တွင် ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် ၎င်းတို့၏တိရိစ္ဆာန်နှင့် လယ်ယာများသို့ သွားရောက်ကြည့်ရှုခြင်းများ လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် အမိန့်ထုတ်ခဲ့သည့်အချိန်မှစ၍တ---ရွာသားများမှအသက်မွေးဝမ်းကြောင်းစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။

ရွာသားအချို့မှာ မဖြစ်မနေညအချိန်တွင် ၎င်းတို့၏မိသားစုစားဝတ်နေရေးအတွက် ခိုးထွက်ကြရသည်။ သို့သော် ကံမကောင်းစွာဖြင့် စက်တင်ဘာလ ၄ ရက်ည ၁၀း၄၆ နာရီအချိန်တွင် (ခင်ပွန်းနှင့်ဇနီး) ရွာသားနှစ်ဦး အပြင်ထွက်ချိန်နှင့် SAC စစ်သားများ ရွာတွင်းသို့ဝင်ရောက်လာချိန် တိုက်ဆိုင်၍ ၎င်းတို့အိမ်နှင့်နီးသည့်နေရာတွင် ၎င်းတို့နှစ်ဦးအားပစ်သတ်ခဲ့သည်။ အခြားရွာသားများမှ ၎င်းတို့နှစ်ဦးအားလာရောက်ကူညီချင်ခဲ့သော်လည်း ဘာတစ်ခုမှမကူညီနိုင်ခဲ့ပေ။ ၎င်းတို့တွင် အသက် ၄ နှစ်အရွယ်သမီးတစ်ဦးရှိပြီး ဇနီးသည်မှာလည်း ကိုယ်ဝန် ၅ လလွယ်ထားသည်ဟု သိရပါသည်။ ရွာသားတစ်ဦး၏တင်ပြချက်အရ "သူတို့သမီးလေးက သူတို့ပစ်ခတ်ခံရတဲ့အချိန်မှာ သူတို့ဘေးမှာဘဲရှိနေခဲ့တယ်။ သူအကြာကြီးငိုခဲ့တယ်။ သူလည်းငိုရင်း မောပြီးအိပ်ပျော်သွားခဲ့တယ်။ မနက်မှရွာသားတွေက သူ့ကိုသွားနိုးခဲ့တယ်။ သူ့အမေကတော့ (ရွာသားတွေရောက်သွားပြီး)မကြာခင်မှာဘဲ ဆုံးသွားတယ်။" နောက်နေ့နံနက် ၉ နာရီအချိန်တွင် ရွာသားများမသိသည့် SAC တပ်ရင်းတစ်ရင်းမှ ပစ်သတ်ခံရသူ၏မိခင်အိမ်သို့လာရောက်ပြီး ထိုရွာသားနှစ်ဦးမှ အမိန့်လိုက်နာခဲ့ခြင်းမရှိသည့်အတွက် ၎င်းတို့မှ ပစ်သတ်ရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ထို့နောက် ဤအမှုအားရုတ်သိမ်းရန်နှင့် ရှေ့ဆက်မတင်ပြရန်အတွက် နစ်နာသူ၏မိခင်အား ပိုက်ဆံ ၃ သိန်းပေးအပ်ခဲ့သည်။

ဇနီးသည်ဆုံးသွားခဲ့ပြီးဖြစ်သော်လည်း SAC မှ ၎င်းတို့နှစ်ဦးလုံးကို ဆေးကုသရန်အတွက် မော်လမြိုင်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဇနီးသည်အား မော်လမြိုင်တွင် သင်္ဂြိုလ်ခဲ့သည်။ သို့သော်ခင်ပွန်းဖြစ်သူမှာ ထိခိုက်မှုပြင်းထန်သည့်အတွက် ၎င်းအား ရန်ကုန်ဆေးရုံသို့လွှဲပြောင်းပေးခဲ့ပြီး နိုဝင်ဘာလ ၁၀ ရက်ခန့်တွင် ဆေးရုံမှပြန်ဆင်းခဲ့သည်။ သို့သော် ၎င်းမှာ စိတ်ပိုင်းဆိုင်ရာရောဂါအား ခံစားနေရပြီး သူ၏မိသားစုဝင်များကိုပင် မမှတ်မိတော့ပဲ အမြဲတစေကြောက်ရွံ့နေသဖြင့် ကျေးရွာထဲတွင် မနေရဲပေ။ ထို့ကြောင့် ဘုန်းကြီး ကျောင်းတွင် သွားရောက်နေထိုင်နေသည်။ ထို့ပြင် ၎င်း၏ညာ ဘက်မျက်စိနှင့် နားမှာလည်း မမြင်ရ မကြားရတော့ပေ။ ထို့ကြောင့် သူ၏မိခင်မှ သူ့အား ကြည့်ရှုစောင့်ရောက်ပေးနေရသည်။

၎င်းတို့၏သမီးငယ်လေးမှာ သူ၏ယောက္ခမနှင့်အတူကျန်နေခဲ့ရသော်လည်း မည်သည့်အကူအညီမျှ မရရှိခဲ့ပေ။

ဤအမှုသည် ရွာသားများ၊ အထူးသဖြင့် အမျိုးသမီးများအတွက် လုံခြုံမှုမရှိတော့ကြောင်းနှင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသည်။ ကျေးရွာတွင်းရှိ အမျိုးသမီးတစ်ဦးမှ "ကျွန်မတို့ အေးအေးချမ်းချမ်းနေချင်တယ်။ ဒါပေမဲ့ သူတို့တွေက ကျွန်မတို့ကို ရန်လာစနေတဲ့အတွက် စိတ်မကောင်းဘူး။ ကျွန်မတို့ဘယ်လိုလုပ်ရမလဲ။ ဘာလုပ်ရမလဲ။ ကျွန်မတို့ကို သူတို့ကကြိုက်သလိုလုပ်နေတယ်။ ကျွန်မတို့က သူတို့ကိုဘာမှသွားမလုပ်ဘူး။ ဒါပေမဲ့ သူတို့ကိုကြောက်နေရတယ်။ ကျွန်မတို့တွေကိုလည်း ဟိုရွာသားနှစ်ယောက်လိုဘဲ ထပ်ပစ်သတ်မှာကို ကြောက်နေရတယ်။"



# ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်မှုများ

စစ်ကောင်စီ SAC မှ ခလယ်လွိဳထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ယဲဒဲကျေးရွာအုပ်စုရှိ ရွာသားများအား အကြမ်းဖက်တိုက်ခိုက်သည့်အတွက် ကျေးရွာတော်တော်များများမှ ရွာသားများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အမှန်စစ်စစ် ထိုရွာသားအများစုသည် ယခင်ကတိုက်ပွဲများကြောင့် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင်း ၎င်းတို့ရပ်ရွာမှ တိမ်းရှောင်နေခဲ့သူများဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်းကာလမှစ၍ ဒေသတွင်းအခြေအနေသည် ပိုမို၍ဆိုးရွားလာသည်။ အခြေအနေဆိုးရွားလာသည့် အကြောင်းအရင်းမှာ စစ်ကောင်စီ SAC နှင့် ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ KNLA သို့မဟုတ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ KNLA တို့ကြား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်သည်။ SAC စစ်သားများသည် ၎င်းတို့၏တပ်သားများနှင့် လက်နက်ခဲယမ်းများကို ပိုမို၍ပို့ဆောင်လာသည့်အပြင် KNU သတ်မှတ်ထားသည့်နယ်နိမိတ်ကို ကျော်လွန်၍ ကျူးကျော်ဝင်ရောက်ခဲ့သည်။ ထိုအတွက်ကြောင့် နေရပ်ရွှေ့ပြောင်းနေရသည့် ရွာသားများသည် ယခုအချိန်ထိ ၎င်းတို့ရွာများသို့ ပြန်လည်အခြေချ၍မရနိုင်သေးပေ။

ထို့အပြင် မကြာသေးမီက မေလ ၁၃ ရက်နေ့၌ ယဲဒဲကျေးရွာအုပ်စု၊ အီသာပလောဒေသတွင် KNDO နှင့် SAC တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ သို့သော် ဒေသခံများတစ်ဦးမျှ သေကြေ၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ မရရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် တိုက်ပွဲမဖြစ်ခင်ကတည်းက ထွက်ပြေးတိမ်းရှောင်နေပြီးဖြစ်သည်။

၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် မိုးသဲထန်စွာရွာပြီး ရေကြီးမှုများဖြစ်ခဲ့သည်။ နေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် ထောက်ပံ့မှုများ လုံလောက်မှုမရှိခြင်းနှင့် ၎င်းတို့ရွှေ့ပြောင်းဒေသသို့ အကူအညီများမရောက်သည့်အတွက် ၎င်းတို့သည် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ နေရပ်ရွှေ့ပြောင်းသူများ၏ လူဦးရေ(၂၀၀)ကျော်ရှိပြီး နေရာဒေသအများအပြားတွင် တိမ်းရှောင်၍နေထိုင်ခဲ့ရသည်။ နေရပ်ရွှေ့ပြောင်းသူများ၏လူဦးရေအတိအကျကို KHRG မှ သတင်းအချက်အလက်များမရရှိခဲ့ပေ။

မူတြော်ခရိုင်တွင်လည်း တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ရွာသားများရှိပြီး ဒေသတော်တော်များများတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၃ ရက်နေ့အထိ ဖာပွန်မြို့အနီးတွင်အခြေစိုက်သော SAC ခြေလျင်တပ်ရင်း ခလရအမှတ်(၁၉)၊ ခြေမြန်တပ်ရင်းခမရအမှတ်(၃၄၀)နှင့် စစ်ဗျူဟာအမှတ်(၁)ခမရ(၃၄၁)နှင့်(၃၄၃)တို့သည် နေ့စဉ်လိုလို လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထို့အပြင်စစ်ကောင်စီမှ ၎င်းတို့တပ်စခန်းများအနီးတွင် နေထိုင်သောရွာသားများကို အခြားသောနေရာ(၄)နေရာသို့ အတင်းအဓမ္မပြောင်းရွှေ့စေခဲ့သည်။ စစ်ကောင်စီမှ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်နေစဉ်တွင် က

---ရွာသားများ(၆၀၀)ဦးသည် ၎င်းတို့ရွာနှင့်နီးသော တခြားရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တစ်ချို့ရွာသားများလည်း ခ---မြို့သို့ တိမ်းရှောင်ခဲ့ကြသည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ဂ---နှင့် ဃ---ကျေးရွာများမှ ရွာသားများ(၅၀၀)ခန့်သည် ထွက်ပြေးတိမ်းရှောင်ရ၍ င---ဘုန်းကြီးကျောင်းဝင်းထဲတွင် သွားရောက်ခိုလှုံခဲ့သည်။ ဖာပွန်-အနောက်ဖက်ကမ်းနှင့် မကာဟဲကျေးရွာတို့မှ ရွာသားများ(၅၀၀)ဦးသည်လည်း တိမ်းရှောင်ရသည့်အတွက် င---မြို့ရှိ အခြေခံမူလတန်းအမှတ်(၂)ကျောင်းထဲတွင် သွားရောက်နေထိုင်ခဲ့သည်။ တစ်ချို့ရွာသားများသည် စ---ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

ဧပြီလ ၁၀ ရက်နေ့တွင် တိုက်ပွဲငယ်များဖြစ်ပွားခဲ့သည့်အတွက် ဆ---ရွာသားများသည် ၎င်းတို့ရွာမှတိမ်းရှောင်ခဲ့သည်။ ၎င်းတို့ထွက်ပြေးတိမ်းရှောင်ပြီးနောက် စစ်ကောင်စီခမရ(၄၀၇)သည် ရွာသားနှစ်ဦး၏အိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ ရွာသားများသည် ၎င်းတို့၏တိရိစ္ဆာန်များနှင့် ပိုင်ဆိုင်မှုများအခြေအနေမည်သို့ရှိသည်ကို မသိရှိရပေ။ ဆ---ရွာတွင် အိမ်ခြေပေါင်း(၅၀)ရှိပြီး ရွာသားများဦးရေ(၃၀၀)ခန့်ရှိသည်။ တစ်ချို့သောရွာသားများသည် ဇ---ကျေးရွာအနီးတွင်ရှိသော ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး တစ်ချို့သူများသည် ည---ကျေးရွာအနီးတစ်ဝိုက်တွင်တိမ်းရှောင်ခဲ့သည်။

ဧပြီလ ၂၇ ရက်နေ့တွင် တ---ကျေးရွာသားများသည် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုတွင် ဗုံးများကြဲ၍ တိုက်ခိုက်ခဲ့သည့်အတွက်ကြောင့် ၎င်းတို့ရွာမှထွက်ပြေးခဲ့ရပြီး ရွာသားအများစုမှာ မည်သည့်ပစ္စည်းမျှ သယ်ယူနိုင်ခွင့်မရှိခဲ့ပေ။ ရွာသားများသည် အစာရေစာပြတ်လပ်မှုနှင့် ကြုံတွေ့ခဲ့ရသည့်အပြင် အဝတ်အထည်များနှင့် ဆေးဝါးများလည်းလိုအပ်နေခဲ့သည်။ တ---ကျေးရွာသားတစ်ဦးမှ ဤကဲ့သို့တင်ပြခဲ့သည်။ "ကျွန်တော့်တို့ မြစ်ကမ်းပါးမှာနေတဲ့အချိန် လေယာဉ်ပျံတွေကညအချိန်မှာပစ်ခတ်တိုက်ခိုက်တဲ့အတွက် ဘယ်လိုလုပ်အိပ်လို့ရမှာလဲ။ ကျွန်တော်တို့လည်း အလွန်ကြောက်ခဲ့တယ်။" ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ညနေပိုင်း(၅)နာရီအချိန်တွင် စစ်ကောင်စီ ခမရအမှတ်(၄၀၇)သည် ထ---ကျေးရွာသားတစ်ဦးဖြစ်သူ ၃၂ နှစ်အရွယ်ရှိ စောဝ---၏ဦးခေါင်းနှင့် ရင်ဘတ်တွင် သေနတ်ဖြင့်နှစ်ချက်ပစ်ခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင် စစ်ကောင်စီခမရအမှတ်(၄၀၈)သည် ဒေသခံများအား ခြိမ်းခြောက်ပြောဆိုသည့်အတွက်ကြောင့် အိမ်ခြေပေါင်း(၁၃)လုံးသည် အလွန်ကြောက်၍ မဲကလောကျေးရွာအုပ်စု၊ သ---ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အခြားသောအိမ်ခြေသုံးလုံးလည်း မဲညိုကျေးရွာအုပ်စုသို့ ထွက်ပြေးနေထိုင်ရခဲ့သည်ကိုလည်း KHRG မှ သိရှိခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စစ်ကောင်စီမှ ဟ---ကျေးရွာတွင် လက်နက်ကြီး (၁၂၀ မမ)နှင့် ပစ်ခတ်ခဲ့သည်။ ထို့ပြင် ခမရအမှတ်(၄၃၄)သည် မ---ကျေးရွာသို့ လက်နက်ကြီးငါးလုံးပစ်ခတ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် လက်နက်ကြီးကျည်ဆံအပိုင်းအစကြောင့် တစ်ချို့အိမ်များပျက်စီးခဲ့သည်။ ထိုတစ်ရက်ထဲတွင် မ---ကျေးရွာမှ အိမ်ခြေပေါင်း(၃၀)ရှိ ရွာသားများ(၁၅၀)ဦးသည် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့အပြင် မေလ ၄ ရက်နေ့တွင်လည်း စစ်ကောင်စီမှ မ---ရွာသို့ လက်နက်ကြီးနှစ်လုံးပစ်ခတ်ခဲ့သည်။

မေလ ၂ ရက် SAC ခြေမြန်တပ်ရင်း(ခမရ)အမှတ်(၃၄၁)တို့သည် က---ရွာနှင့်ယ---ရွာအနီးအနားတွင် လက်နက်ကြီးဖြင့်ပစ်ခတ်သည့်အတွက် ရွာသူရွာသားများသည် ကြောက်လန့်၍ အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်နေကြသည်။ ထို့အပြင် မေလ ၃ ရက်နေ့တွင် KNLA နှင့် SAC တပ်ကြားတိုက်ပွဲများဖြစ်ပွားမှုကြောင့် လ---ရွာ၊ မယ်ကလောအုပ်စုရှိ ဒေသခံရွာသားစုစုပေါင်းလူဦးရေ ၈၀ နီးပါး ထွက်ပြေးတိမ်းရှောင်နေရကြရပါသည်။ ယခုသတင်းဖော်ပြရေးသားသည့်အချိန်တွင် တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ဒေသခံရွာသူရွာသားများသည် မိမိတို့နေရပ်ရွာများ၌ ဘေးအန္တရာယ်ကင်းစွာ ပြန်နေထိုင်ခွင့်၍မရသေးပါ။ အဘယ်ကြောင့်ဆိုသော် SAC နှင့် BGF မှဆူပူသောင်းကျန်းမှုများပြုလုပ်လျှက်ရှိနေသေးသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့အပြင် ထွက်ပြေးတိမ်းရှောင်နေရသော ရွာသားများသည် အစားအသောက်၊ ကျန်းမာရေးနှင့် အဝတ်အစားများလုံလောက်စွာ ထောက်ပံ့မှု မရရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ ညနေ ၅ နာရီအချိန်တွင် SAC တပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဒေသခံရွာသားများ၏ရွာတွင်းသို့ ရမ်းသန်းပစ်ခတ်ခြင်းခြင်းကြောင့် န---ရွာ၊ ပိုယေးအုပ်စု၊ ကောကရိတ်မြို့နယ်၊ ဒူးပလာရာခရိုင်ရှိရွာသူရွာသားများ ထွက်ပြေးတိမ်းရှောင်နေရသည်။ တစ်ချို့သောရွာသားယောကျာ်းလေးများသည် တစ်ခြားနေရာ၌ ပုန်းရှောင်နေရပြီး၊ ရွာသားမိန်းကလေးများနှင့် ကလေးများသည် မိမိတို့နှင့်နီးစပ်ရာရွာတွင်း၌ ထွက်ပြေးတိမ်းရှောင်နေသည်။ သို့သော်လည်း ရွာသူရွာသားများထွက် ပြေးတိမ်းရှောင်နေသည့်အချိန်တိုင်း ၎င်းတို့၏ပစ္စည်းများအား များများသယ်ဆောင်၍မရပါ။ ထိုသို့ထွက်ပြေးတိမ်းရှောင်နေသည့် အချိန်ကာလအတွင်း ၎င်း တို့ရင်ဆိုင်ရသည့် အကြီးမားဆုံးအခက်အခဲမှာ အစားအသောက်၊ ကျန်းမာရေးအတွက်ဆေးဝါးများနှင့် အဝတ်အစားများပင်ဖြစ်သည်။ ထိုသို့ထွက်ပြေးတိမ်းရှောင်နေသည့် အချိန်တိုင်းတွင်လည်း ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများနှင့် တိရစ္ဆာန်များချန်ထားခဲ့ရပါသည်။ သို့သော်လည်း ၎င်းတို့အိမ်ပြန်သည့်အချိန်တွင် ပစ္စည်းများပျောက်ဆုံးခြင်းနှင့် တိရစ္ဆာန်များသေဆုံးခြင်းရှိခဲ့ပါသည်။

# မြေမြှုပ်မိုင်း အန္တရာယ်

စစ်တပ်အာဏာသိမ်းချိန်မှစပြီး မြန်မာပြည်အရှေ့တောင်ပိုင်း အထူးသဖြင့် မူတြော်ခရိုင်တွင် စစ်ကောင်စီနှင့် KNLA တို့မှ မြေမြှုပ်မိုင်းထောင်ထားခြင်းများ ပို၍ပြုလုပ်လာခဲ့သည်။ KNLA တပ်ဖွဲ့မှ ၎င်းတို့ဒေသအတွင်း စစ်ကောင်စီတပ်ဖွဲ့များ ဝင်ရောက်ထိုးဖောက်ခြင်း မရှိစေနိုင်ရန်အတွက် မြေမြှုပ်မိုင်းသစ်များ ထောင်ထားခဲ့ခြင်းလည်းရှိသည်။ စစ်ကောင်စီမှလည်း တန်ပြန်တိုက်ခိုက်သည့်အနေဖြင့် မြေမြှုပ်မိုင်းများ အသုံးပြုခဲ့သည်။

KHRG မှ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မူတြော်ခရိုင်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်စဉ်(၁၀)ခု လက်ခံရရှိခဲ့သည်။ တစ်ချို့သောမြေမြှုပ်မိုင်းသည် မည်သူကထောင်ထားခဲ့ကြောင်း KHRG မှ သတင်းအချက်အလက်မရရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိသလို အသက်တွေဆုံးရှုံးခြင်းများလည်းရှိသည်။ ထို့အပြင် မြေမြှုပ်မိုင်းများပို၍ အသုံးပြုလာခြင်းကြောင့် ဒေသခံများ၏ဘဝအတွက် လုံခြုံမှုမရှိသလို အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများနှင့်လည်း ပို၍ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ဒေသခံရွာသားများအစုမှာ မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးသင်တန်းကို တက်ရောက်ခဲ့ခြင်းမရှိပေ။ ရွာသားများမှ မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးသင်တန်းကို လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မြေမြှုပ်မိုင်းထောင်ထားသည့် ဒေသအတွင်းသွားလာရမည်ဆိုလျှင် ၎င်းတို့အတွက် အန္တရာယ်ရှိပါသည်။ သို့သော်လည်း ရွာသားများသည်စားဝတ်နေရေးနှင့် ၎င်းတို့မိသားစုအား ထောက်ပံ့ကူညီရသည့်အတွက် ၎င်းတို့ခြံထဲသို့သော်လည်းကောင်း၊ ခရီးသွားဈေးဝယ်ရန်သော်လည်းကောင်း ရွေးချယ်စရာမရှိဘဲ သွားလာနေရပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများ၏ကျေးရွာနှင့်နီးသည့် စိုက်ခင်းများတွင် မြေမြှုပ်မိုင်းတည်ရှိနေခြင်းသည် ရွာသားများ၏အသက်ရှင်နေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းအခက်အခဲများကို ခြိမ်းခြောက်မှုဖြစ်စေပါသည်။

## မူတြော်ခရိုင်

### ဖြစ်စဉ်(၁)

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ နာကူးခီးကျေးရွာအုပ်စု၊ နာကူးခီကျေးရွာ၊ ငါးအင်းစုလမ်းဆုံ၌ ဖာပွန်မြို့မှအရပ်သားတစ်ဦးသည် မြေမြှုပ်မိုင်းတစ်လုံးအားနင်းမိခဲ့သည်။ ၎င်းအားကုသမှုခံယူဖို့ရန် ခလရ(၄၃၄)စခန်းရှိဆေး ခန်းသို့ခေါ် ဆောင်သွားခြင်း ခံခဲ့ရသည်။ သူသည် မည်မျှလောက်ဆိုးရွားစွာ ဒဏ်ရာရရှိကြောင်းကို ဒေသခံရွာသားများက မသိရှိကြပေ။ KHRG အနေဖြင့် ဤကိစ္စနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များအား မရရှိခဲ့ပေ။

### ဖြစ်စဉ်(၂)

KHRG မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် လက်ခံရရှိသည့် အစီရင်ခံစာများအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တစ်ရက်ထဲတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ကလော်ထာ့ကျေးနယ်၊ ဖာပွန်-အနောက်ဖက်ကမ်းကျေးရွာ၊ ရေပေါ်တောင်အနောက်ဘက် (ခလရ-၁၉ ၏တပ်စခန်းဟောင်းနေရာ)တွင် မြေမြှုပ်မိုင်းလေးလုံးပေါက်ကွဲခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရှမ်းကိုင်းကျေးရွာသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည့်အပြင် SAC ခလရ(၁၉)တပ်သားတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆေးကုသမှုခံယူရန်အတွက် ထိခိုက်ဒဏ်ရာရရှိသော ရွာသားများအား ဖာပွန်အခြေချအမှတ်(၁)စစ်ဗျူဟာတပ်ရင်းတွင်ရှိသော ကုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဒေသခံရွာသားတစ်ဦးမှ ဤမြေမြှုပ်မိုင်းများသည် လက်လုပ်မိုင်းများဖြစ်ပြီး KNLA မှ ထောင်ထားသောမိုင်းများဖြစ်သည်ဟုဆိုသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်ပြီး KHRG မှ နောက်ထပ်သတင်းအချက်အလက်များအား လက်ခံရရှိခြင်းမရှိခဲ့ပေ။

### ဖြစ်စဉ်(၃)

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ မနက်ပိုင်း ၇:၁၅ မိနစ်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ အနောက်ဖက်ကမ်းကျေးရွာအုပ်စု၊ အ---ရွာမှ အသက် ၃၂ နှစ်အရွယ်ရွာသားတစ်ဦးဖြစ်သူ စောဝ---သည် ၎င်း၏တောင်ယာမှ အိမ်သို့ပြန်လာချိန်တွင် မြေမြှုပ်မိုင်းတစ်လုံး နင်းမိခဲ့သည်။ ထို့နေ့တွင်ပင် ၎င်းအား ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ မြေမြှုပ်မိုင်းထိမှန်သည့်ဒဏ်ရာကြောင့် စောဝ---၏ ဘယ်ဖက်ခြေထောက်ကျိုးသွားခဲ့ပြီး ညာဖက်ခြေထောက်ကိုလည်း ဖြတ်ခဲ့ရသည်။ ထို့ပြင် မြေမြှုပ်မိုင်းအစအနလည်း ၎င်း၏ဝှေးစေ့ကိုလည်းထိမှန်ခဲ့သည်။ ဆေးရုံတွင် ၁၆ ရက်ကြာ ဆေးကုသမှုခံပြီးနောက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ဆေးရုံမှဆင်းလာခဲ့သည်။

စောဝ---နင်းမိခဲ့သည့် မြေမြှုပ်မိုင်းသည် လက်လုပ်မိုင်းဖြစ်ပြီး မည်သူကထောင်ထားသည်ကို မသိရှိခဲ့ရပေ။ သို့သော် ထိုမြေမြှုပ်မိုင်းအား ၂၀၂၃ ခုနှစ်အတွင်းတွင်သာ ထောင်ထားခဲ့ကြောင်း ရွာသားများမှ ယူဆကြသည်။ အခင်းဖြစ်ပွားသည့်နေရာတစ်ဝိုက်တွင်လည်း မြေမြှုပ်မိုင်းအန္တရာယ်ကို ပြထားသည့် အမှတ်အသားလည်းမရှိပေ။ စောဝ---လည်း မြေမြှုပ်မိုင်းအန္တ

ရာယ် အသိပညာပေးသင်တန်းကို တစ်ခါမှတက်ရောက်ခဲ့ဖူးခြင်း မရှိပေ။ ရွာသားများသည် မြေမြှုပ်မိုင်းအန္တရာယ်နှင့်ပတ်သတ်သည့် လက်ကမ်းစာစောင်များကိုသာ လက်ခံရရှိခဲ့သည်။ အ---ကျေးရွာအနီးတစ်ဝိုက်တွင် မြေမြှုပ်မိုင်းတည်ရှိနေကြောင်း ဒေသခံအာဏာပိုင်များမှ ရွာသားများအား အသိပေးခြင်းများရှိသော်လည်း မြေမြှုပ်မိုင်းများ မည်သည့်နေရာတွင်ရှိသည်ကို ရွာသားများ မသိရှိကြပါ။

KHRG ၏ အဆက်အသွယ်ဖြင့် Dan Church Aid (DCA) မှ စောဝ---အား ဆေးဝါးကုသမှုကုန်ကျစရိတ်အတွက် ငွေငါးသိန်းကျပ်ထောက်ပံ့ခဲ့သည်။ ကြက်ခြေနီအဖွဲ့ (Red-Cross) မှလည်း ၎င်းအားကူညီပံ့ပိုးခဲ့သည်။ စောဝ---မှာ ဇနီးနှင့် သမီးနှစ်ဦးရှိသည်။ စောဝ---၏ခြေထောက်တစ်ဖက်အား အဖြတ်ခံရသဖြင့် ၎င်းမိသားစုစားဝတ်နေရေးအတွက် သက်ရောက်မှု ရှိစေနိုင်ပါသည်။ လက်ရှိတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် စောဝ---၏မိခင်သည်သာ မိသားစုကိုထောက်ပံ့မှုပေးနေရသည်။

## ဖြစ်စဉ်(၄)

၂၀၂၁ ခုနှစ်၊ ဖွန်လ ၂၂ ရက်နေ့ ညနေ ၁း၃၀ မိနစ်ခန့်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့၊ အနောက်ဖက်ကမ်းကျေးရွာအုပ်စု၊ အ--ကျေးရွာရှိ အသက် ၅၅ နှစ်အရွယ်ရှိ နန်းဂ---သည် ရွာ၏အပြင်ဖက်တွင် မှိုလိုက်လံရှာဖွေနေစဉ် မြေမြှုပ်မိုင်းတစ်လုံးအား တက်နင်းမိခဲ့သည်။ အခင်းဖြစ်ပွားပြီးသည့်နောက် ရွာသားများမှ၎င်းအား ဖာပွန်ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့ပြီး ထိုဆေးရုံတွင် နှစ်ရက်ကြာနေခဲ့သည်။ နောက်ပိုင်း ဖာပွန်ဆေးရုံမှ ရှေ့ဆက်ဆေးဝါးကုသမှုခံယူရန် ၂၀၂၁ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့တွင် မော်လမြိုင်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်။ မော်လမြိုင်ပြည်သူ့ဆေးရုံရှိ ဆရာဝန်များမှ သူမ၏ညာဖက်ခြေထောက် ဒူးဆစ်အောက်ပိုင်းအား ဖြတ်တောက်ပေးခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖွန်လ ၃၀ ရက်နေ့တွင် ၎င်းသည် မော်လမြိုင်ပြည်သူ့ဆေးရုံမှ ပြန်ဆင်းလာခဲ့ပါသည်။

ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အခင်းဖြစ်ပွားမှုမတိုင်မီ ကျေးရွာ၏အပြင်ဖက်တွင် မြေမြှုပ်မိုင်းများရှိ









ဤပုံများသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ အနောက်ဖက်ကမ်းကျေးရွာအုပ်စု၊ အ---ကျေးရွာရှိရွာသားနှစ်ဦး ကျေးရွာ၏အနီးတွင်မြေမြှုပ်မိုင်းထိမှန်ဒဏ်ရာရရှိသည့်ပုံဖြစ်သည်။ အထက်တွင်ရှိသောပုံသည် နန်းဂ---၏ပုံဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့၌ မော်လမြိုင်ဆေးရုံတွင် ရိုက်ယူခဲ့သည်။ အောက်ဖက်တွင်ရှိသောပုံသည် စောဝ---၏ပုံဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ဖွန်လ ၂၀ ရက်နေ့၌ ဘားအံပြည်သူ့ဆေးရုံတွင် ရိုက်ယူခဲ့ပါသည်။ ၎င်းတို့နှစ်ဦးလုံး၏ ညာဖက်ခြေထောက်များအား ဖြတ်တောက်ခဲ့ကြရပါသည်။ (ဓာတ်ပုံ - ဒေသခံရွာသား)

နေခြင်းကြောင့် သွားလာခြင်းမပြုလုပ်ကြရန် ရွာသားများအား သတိပေးခဲ့ကြောင်း နန်းဂ---၏ညီမဖြစ်သူမှ ပြောခဲ့ပြသည်။ ၎င်းတို့နေထိုင်သည့် ကျေးရွာအပြင်ဖက်တွင် မြေမြှုပ်မိုင်းတည်ရှိကြောင်းပြသထားသည့် အမှတ်အသားများမရှိပါ။ ထို့ကြောင့် ရွာ၏အနီးအနားတွင် မြေမြှုပ်မိုင်းထောင်ထားခြင်းမရှိဟုထင်ပြီး ကျေးရွာအပြင်ဖက်ထွက်ကာ မှိုသွားရောက်ရှာဖွေခဲ့သည်။ ရွာသားများမှ မြေမြှုပ်မိုင်းအားမည်သူမှ ထောင်ထားသည်ကို မသိကြပါ။ နန်းဂ---အနေဖြင့်လည်း မြေမြှုပ်မိုင်းအန္တရာယ်အသိပညာပေးသင်တန်းအား သူမ၏ကျေးရွာတွင်တစ်ကြိမ်မျှတက်ရောက်ဖူးခဲ့ခြင်း မရှိချေ။

နန်းဂ---သည် ညီကိုမောင်နှမများနှင့် ဆွေမျိုးများထံမှ ငွေကြေးအထောက်အပံ့ကို ရရှိခဲ့သည်။ KHRG ၏အဆက်အသွယ်မှတဆင့် (DCA)မှပေးသော ငွေကြေးထောက်ပံ့မှု ၅ သိန်းကျပ်ကိုလည်း ဆေးဝါးကုသမှုကုန်ကျစရိတ်အတွက် လက်ခံရရှိခဲ့သည်။ နန်းဂ---သည် မုဆိုးမတစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိပါသည်။ ယခုကဲ့သို့ သူမ၏ခြေထောက်တစ်ဖက်ဆုံးရှုံးရသဖြင့် သူမ၏မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့ပေးရန်ပို၍အခက်အခဲဖြစ်စေပါသည်။

## ဖြစ်စဉ်(၅)

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ နံနက် ၁၁း၂၅ မိနစ်တွင် ဒွယ်လိုးမြို့နယ်၊ ဖာပွန်မြို့ရှိ မိုးဟေခါ့မာတံတားအနီးတွင် မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။ ၎င်းမြေမြှုပ်မိုင်းကို မည်သည့်လက်နက်ကိုင်အဖွဲ့က ထောင်ထားခဲ့ကြောင်း မည်သူမျှမသိရှိရချေ။ ပေါက်ကွဲမှုကြောင့် မည်သူမျှထိခိုက်ဒဏ်ရာရရှိခြင်းမရှိပေ။ ၎င်းကိစ္စနှင့်ပတ်သတ်ပြီး KHRG မှမြေမြှုပ်မိုင်းဘယ်လိုပေါက်ကွဲခဲ့ခြင်းနှင့် အခြားသောသတင်းအချက်အလက်များ လက်ခံရရှိခြင်းမရှိခဲ့ပေ။

## ဖြစ်စဉ်(၆)

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ မနက် ၈း၄၀ မိနစ်ဝန်းကျင်တွင် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ယ---ကျေးရွာတွင်နေထိုင်သော ၄၆ နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သူ စိုင်းလင်းနိုင်သည် ယ---ရွာနှင့် န---ရွာတို့အကြားရှိ လမ်းဘေးတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (KNLA) တပ်ရင်းအမှတ်(၁၀၂)၊ တပ်ခွဲ(၁)မှထောင်ထားသည့် ဆွဲမိုင်းကို ဖြတ်တိုက်မိခဲ့သည်။ (ထိုနေရာသည်သည် ရွာနှင့် ပေ ၂၀၀ မှ ၃၀၀ အထိကွာဝေးသည်) အခင်းမဖြစ်ပွားမီ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ထိုလမ်းပေါ်တွင်ခရီးသွားလာနေသည့် အခြားသောရွာသားများရှိသည်ဟု စိုင်းလင်းနိုင်သတိပြုမိခဲ့သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ခရီးသွားလာရန် အဆင်ပြေမည်ဟု ၎င်းကထင်မြင်ခဲ့သည်။ ထို့ကြောင့်လည်း သူကခရီးထွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ထိုမနက်ပိုင်းတွင် စိုင်းလင်းနိုင်၏မိသားစုမှာ ငွေ ၇၀၀၀ ကျပ်သာကျန်တော့သည့်အတွက်ကြောင့် သူသည်မီးသွေးအိတ်(၇) အိတ်ရောင်းရရန်အတွက် အခြားရွာများသို့သွားရန် ၎င်း၏ဇနီးအားပြောပြခဲ့သည်။ စိုင်းလင်းနိုင်၏မိသားစုသည် မီးသွေးဖုတ်၍ ရောင်းရသည့်ငွေဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေရပါသည်။ မီးသွေးအိတ်များ သွားရောင်းရန်အတွက် စိုင်းလင်းနိုင်မှ လမ်းတွင်မော်တော်ဆိုင်ကယ်ဖြင့် မောင်းလာနေစဉ်တွင် ဆွဲမိုင်းကိုဖြတ်မိ၍ မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ စိုင်းလင်းနိုင်သည် ရွာမှထွက်ခွာလာပြီး မိနစ်ပိုင်းအနည်းငယ်တွင် ၎င်း၏ဇနီးမှ ပေါက်ကွဲသံကိုကြားခဲ့ပါသည်။

ထို့နောက် စိုင်းလင်းနိုင်၏ဇနီးဖြစ်သူမှ ထိုနေရာသို့ စက်ဘီးစီး၍ တစ်ပြိုင်တည်းသွားရောက်ကြည့်ရှုခဲ့သည်။ ထိုနေရာသို့ သူမရောက်ရှိနေသည့်အချိန်တွင် သူမ၏အမျိုးသားမှာ မြေပြင်ပေါ်တွင်သတိလစ်နေသည်ကို တွေ့ရှိခဲ့သည်။ သူမအမျိုးသား၏ရင်ဘတ် ယာဖက်ခြမ်းတွင် ဒဏ်ရာရရှိပြီး သွေးအလွန်ထွက်နေသည်ကို မြင်တွေ့ပြီးနောက်တွင် အကူအညီလှမ်းခေါ်ရန် သူမရွာသို့ပြန်လာခဲ့သည်။ ပထမတွင်သူမသည် ၎င်းအား ဖာပွန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ချင်ခဲ့သည်။ သို့သော် ကျေးရွာအုပ်ချုပ်ရေးမှူးမှ စိုင်းလင်းနိုင်၏ဒဏ်ရာအခြေအနေအရ ၎င်းအား ဖာပွန်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ရန် အချိန်မှီနိုင်မည်မဟုတ်ကြောင်း သူမအားပြောပြခဲ့သည်။ သူမ၏ရွာတွင် ဆေးရုံနှင့်ဆေးခန်းမရှိပေ။ ထို့နောက်တွင် တစ်ချို့ရွာသားများသည် စိုင်းလင်းနိုင်အား ၎င်း၏အိမ်သို့ပြန်လာသယ်ဆောင်ခဲ့သည်။ အိမ်သို့ရောက်ရှိသည့်အချိန်တွင် စိုင်းလင်းနိုင်သည် သေဆုံးသွားပြီးဖြစ်သည်။

KNLA စစ်သားများသည် ဒေသအတွင်းမြေမြှုပ်မိုင်းများထောင်ထားသည့်အခါ ရွာသားများအား အဓိကကျသည့် လမ်းကြောင်းပေါ်တွင် ခရီးသွားလာခြင်းမပြုလုပ်ရန် ပုံမှန်သတိပေးအကြောင်းကြားလေ့ရှိသည်။ သို့သော် ၎င်းတစ်ကြိမ်တွင် KNLA စစ်သားများသည် ၎င်းတို့ထောင်ထားသည့် မြေမြှုပ်မိုင်းများအကြောင်းကို ရွာသားများအား အကြောင်းကြားရန်ပျက်ကွက်ခဲ့သည်။ စိုင်းလင်းနိုင် ဖြတ်တိုက်မိသည့်ဆွဲမိုင်းကြိုးသည် အလွန်သေးငယ်သည်။ ထိုကြိုးကို အလွယ်တကူမမြင်နိုင်ရပေ။ စိုင်းလင်းနိုင်၏မိသားစုဝင်များသည် ၎င်းတို့၏စားဝတ်နေရေးအတွက် နေ့စဉ်ရုန်းကန်နေရသဖြင့် ရွာတွင်လာရောက်ပို့ချသည့် မြေမြှုပ်မိုင်းအန္တရာယ်အသိပညာပေးသင်တန်းကို တစ်ခါမျှတက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ၎င်းတို့ဖတ်ရန်အတွက် လက်ကမ်းစာစောင်များသာ လက်ခံရရှိခဲ့သည်။

စိုင်းလင်းနိုင်မှာ သူ၏ဇနီး၊ သမီးသုံးဦးနှင့် သားတစ်ဦးကျန်ရစ်ခဲ့သည်။ သူ၏သားသမီးလေးဦးလုံးသည် ကျောင်းတက်

နေပါသည်။ စိုင်းလင်းနိုင်၏ဇနီးသည် သူမ၏အမျိုးသားသေဆုံးနောက်ပိုင်းတွင် ဘာလုပ်ရမှန်းမသိဖြစ်နေပါသည်။ သူမ၏ရွာတွင် ဝင်ငွေအလုပ်ရရှိရန် အလွန်ခက်ခဲပါသည်။ သူမတို့မိသားစုသည် ယခုအချိန်တွင် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ သူမ၏အမျိုးသား ရုပ်ကလပ်ကိုသဂြိုလ်ပေးရန်အတွက်ပင် ငွေကြေးမရှိကြပါ။ ဒေသခံစာပနဝန်ဆောင်မှုအဖွဲ့မှ သူမ၏မိသားစုအား ငွေ ၂၀,၀၀၀ ကျပ် ကူညီထောက်ပံ့ခဲ့သည်။ ထို့ပြင် သူမ၏မိသားစုအတွက် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းတစ်ခုမှ ပေးသောထောက်ပံ့ငွေ ၅၅,၀၀၀ ကျပ်ကိုလည်းလက်ခံရရှိခဲ့သည်။

## ဖြစ်စဉ်(၇)

ထိုနေ့တစ်ရက်ထဲတွင် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့) စိုင်းလင်းနိုင်မှ မြေမြှုပ်မိုင်းထိမှန်ပြီး မိနစ်အနည်းငယ်ကြာပြီးသည့်နောက်တွင် ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ န---ကျေးရွာသားနှစ်ဦးသည် ယ---ကျေးရွာသို့သွားရန် မော်တော်ဆိုင်ကယ်ဖြင့်မောင်းလာနေစဉ် ဆွဲမိုင်းကြိုးဖြတ်၍ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုရွာသားနှစ်ဦးမှာ အသက် ၅၀ အရွယ် စိုင်းတ---နှင့် အသက် ၄၅ နှစ်အရွယ် စိုင်းဟ---တို့ဖြစ်ကြသည်။ ဆိုင်ကယ်မောင်းနှင်ရာတွင် မြန်ဆန်သောကြောင့် ၎င်းတို့ဒဏ်ရာအနည်းငယ်သာရရှိခဲ့ပြီး ဆေးကုသမှုခံယူရန် မလိုအပ်ပေ။

## ဖြစ်စဉ်(၈)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ မနက် ၈း၃၀ မိနစ်တွင် ဖာပွန်မြို့အနီးရှိ "ဖာပွန်မြို့မုကြိုဆိုပါ၏" ဆိုသည့်ဆိုင်းဘုတ်အနားတွင် မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သည်။ ဤမြေမြှုပ်မိုင်းကို မည်သည့်လက်နက်ကိုင်အဖွဲ့က ထောင်ထားခဲ့ကြောင်း မည်သူမျှမသိရှိရချေ။ ပေါက်ကွဲမှုကြောင့် မည်သူမျှထိခိုက်ဒဏ်ရာရရှိခြင်းမရှိပေ။ ဤကိစ္စနှင့်ပတ်သတ်ပြီး KHRG မှ မြေမြှုပ်မိုင်းဘယ်လိုပေါက်ကွဲခဲ့ခြင်းနှင့် အခြားသောသတင်းအချက်အလက်များ လက်ခံရရှိခြင်းမရှိခဲ့ပေ။

## ဖြစ်စဉ်(၉)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဘူးသိုမြို့နယ်၊ မဲကလောကျေးရွာအုပ်စု၊ ဆ---ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ စိုးနိုင်သည် ၎င်းခြံထဲသို့သွားရာတွင် လမ်းမှာရှိသည့် ဖုန်းတာဝါအောက်တွင်ရောက်သောအခါ မြေမြှုပ်မိုင်းတစ်လုံးနင်းမိခဲ့ပြီး သေဆုံးခဲ့သည်။ ဤကိစ္စနှင့်ပတ်သတ်ပြီး KHRG မှ နောက်ထပ်သတင်းအချက်အလက်များ လက်ခံရရှိခြင်းမရှိခဲ့ပေ။

## ဖြစ်စဉ်(၁၀)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ မနက် ၈း၁၅ မိနစ်တွင် ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဖ---ကျေးရွာတွင်နေထိုင်သော အသက် ၃၀ အရွယ်ရှိ ရွာသားတစ်ဦးဖြစ်သူ စောင---သည် မြေမြှုပ်မိုင်းတစ်လုံးနင်းမိခဲ့ပြီး ၎င်းခြေထောက်နစ်ဖက်နှင့်ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုသည် ဖ---ကျေးရွာရှိသော ကတ်သလစ်ဘုရားကျောင်းအရှေ့ဖက်ရှိ ယွန်းစလင်းမြစ်သို့ဦးတည်သွားသည့်လမ်းတွင်ဖြစ်ပွားခဲ့သည်။ အခင်းမဖြစ်ပွားချိန်တွင် စောင---သည် ကျေးရွာမှဆရာတော်များအတွက် ဆေးဝါးများဝယ်ယူပေးရန်အတွက် ကမမောင်းသို့သွားရန် ယွန်းစလင်းမြစ်ရှိ လှေဂိတ်သို့သွားနေသည့်အချိန်ဖြစ်သည်။ သူသည် ကျေးရွာရှိဘုန်းကြီးကျောင်း၏ ဝေယျာဝစ္စများအတွက် ကူညီပေးလေ့ရှိသည်။

အခင်းဖြစ်ပွားပြီးနောက် ဖ---ကျေးရွာတွင်အခြေချသည့်(တပ်ရင်းအမည်မသိရ) SAC စစ်သားများသည် စောင---အား ၎င်း၏အိမ်သို့ပြန်သယ်ဆောင်လာပြီး SAC ဆေးတပ်လုပ်သားများက ၎င်း၏ဒဏ်ရာရရှိသည့် ဘယ်ခြေထောက်ကိုဖြတ်ခဲ့ရပြီး ညာခြေထောက်နှင့်ရင်ဘတ်ကို ဆေးကုသမှုပေးခဲ့သည်။ ထို့နောက်ရွာသားများမှ ဆေးကုသမှုအတွက် ၎င်းအား ဖ---ရွာအနီးနားရှိ လ---ရွာတွင်ရှိသော KNU ကျန်းမာရေးလုပ်သားတစ်ဦးထံသို့ ပို့ဆောင်ခဲ့သည်။ နောက်ဆုံး၌ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် စောင--အား နောက်ထပ်ဆေးကုသမှုခံယူရန်အတွက် ဖာပွန်မြို့အနီးတောင်ကလေးတွင်ရှိသော SAC ဆေးရုံသို့ပို့ဆောင်ခဲ့ပြန်သည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင်ဆေးရုံမှဆင်းလာခဲ့သည်။

အဆိုပါမြေမြှုပ်မိုင်းပေါက်ကွဲပြီးနောက်တွင် SAC စစ်သားများသည် ၎င်းမြေမြှုပ်မိုင်းအပိုင်းအစများကို သယ်ဆောင်လာပြီး ဖ---ကျေးရွာအုပ်ချုပ်ရေးမှူးကိုပြ၍ ထိုမြေမြှုပ်မိုင်းသည် ၎င်းတို့မိုင်းမဟုတ်ကြောင်း အဆိုပြုခဲ့သည်။ သို့သော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးမှ ၎င်းမြေမြှုပ်မိုင်းကို မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ ထောင်ထားခဲ့ကြောင်း အတည်ပြု၍မရဟု တင်ပြခဲ့သည်။ KHRG မှလည်း စောင--နင်းမိခဲ့သည့် မြေမြှုပ်မိုင်းကို မည်သည့်လက်နက်ကိုင်အဖွဲ့မှ ထောင်ထားခဲ့ကြောင်း သက်သေအချက်အလက်များ လက်ခံရရှိခြင်းမရှိခဲ့ပေ။

စောင---မှာ မိသားစုတွင် အငယ်ဆုံးသားဖြစ်ပြီး မောင်နှမသုံးဦးရှိသည်။ SAC ဆေးရုံမှဆေးလာပြီးနောက် ယခုအချိန်တွင် ယ---ရွာတွင်နေထိုင်နေသည်။ စောင---နှင့်၎င်း၏မိသားစုအတွက် မည့်သည့်ကူညီထောက်ပံ့မှုများမရရှိကြပေ။









ပထမဓာတ်ပုံနှစ်ပုံ(အပေါ်ပိုင်း)ကို ၂၀၂၁ ခုနှစ်စက်တင်ဘာလ ၁၁ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ရိုက်ကူးခဲ့သည်။ ပထမဓာတ်ပုံနှစ်ပုံ(ဘယ်နှင့်ညာအပေါ်)တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သောစောင---သည် ၎င်း၏ဒဏ်ရာများကိုကုသရန်အတွက် လ---ရွာရှိ KNU ဆေးမှူးထံ ခေါ်ဆောင်သွားသည်ကိုပြသထားသည်။ ဘယ်ဘက်အောက်ခြေရှိ ဓာတ်ပုံတွင် ကမမောင်းမြို့သို့ပို့ဆောင်ရန်အတွက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌ ဖ---ရွာလှေပေါ်တွင် စောင---အားသယ်ဆောင်လာကြောင်း တွေ့ရပါသည်။ အောက်ခြေညာဘက်ရှိဓာတ်ပုံတွင် ဆေးကုသမှုခံယူရန် ကမမောင်းမြို့သို့ခေါ်ဆောင်လာသော ကားအတွင်းမှ စောင---အားပြသထားသည်။ (ဓာတ်ပုံ - ဒေသခံရွာသား)

# ဒေသခံပြည်သူများ၏ ဘဝရပ်တည်ရှင်သန်မှု

၂၀၂၁ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုနှင့် အာဏာသိမ်းမှုတို့ကြောင့် ကရင်ပြည်နယ်ရှိ ဒေသခံပြည်သူလူထုများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် အာဏာသိမ်းမှုတို့ကြောင့် ဒေသခံများအတွက် လယ်ယာများ၊ တောင်ယာများနှင့် စိုက်ပျိုးခြံများထဲတွင် လုပ်ကိုင်စိုက်ပျိုးရန်သော်လည်းကောင်း၊ တိရိစ္ဆာန်မွေးမြူးရေးလုပ်ငန်းများကို လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရောင်းဝယ်ဖောက်ကားရာတွင် အခက်အခဲစိန်ခေါ်မှုများစွာရှိပါသည်။ SAC စစ်တပ်၏ တိုက်ခိုက်မှုများနှင့်အကြမ်းဖက်မှုတို့ကြောင့် အထူးသဖြင့် မူတြော်ခရိုင်နှင့်ခလယ်လွီထူခရိုင်ရှိ ရွာတော်တော်များများမှ ရွာသူ၊ရွာသားများသည် ၎င်းတို့ရွာများမှထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၎င်းတို့စားဝတ်နေရေးအတွက် ရှန်းကန်ရာတွင် မလွယ်ကူလှပေ။ ထို့အပြင် ရွာသားများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုလည်း စိုးရိမ်ကြောက်နေရသည်။ ကိုဗစ်ရောဂါကူးစက်မှုကြောင့် အလုပ်အကိုင်အတွက် တစ်ရွာမှတစ်ရွာသို့ ခရီးသွားရာတွင် အတားအဆီးများရှိကြသည့်အတွက် ကုန်ဈေးနှုန်းများမြင့်တက်သွားလာပြီး လိုအပ်သည့်ကုန်ပစ္စည်းများလည်း ရှားပါးလာသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းလည်း နည်းပါးလာသည်။ ထို့ပြင် ဒေသခံ

များသည် စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် ဆာလောင်ငတ်မှုများနှင့်လည်း ကြုံတွေ့ရသည်။

ကျေးရွာအများစုမှ ရွာသားများသည် ၎င်းတို့လယ်ယာ၊ ခြံမြေထဲမှထွက်သည့် ကောက်ပဲသီးနှံများအား မြို့ထဲသို့သွားရောင်းရပြီး ထိုမှရရှိသည့်ငွေများကိုသာမှီခို၍ စားဝတ်နေရေးကို ဖြေရှင်းနေရသည်။ သို့သော်လည်း ဒေသအတွင်း ကိုဗစ်-၁၉ ကူးစက်မှု များပြားလာသည့်အပြင် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ခရီးသွားလာခြင်းများ ပိုမိုခက်ခဲလာခြင်းနှင့် စီးပွားရေးအခြေအနေလည်း ပို၍ဆိုးရွားလာသည်။ ဒေသခံများသည် ၎င်းတို့ခြံထွက်သီးနှံများကို မြို့ထဲသို့သွားရောင်း၍မရတော့သည့်အပြင် ကုန်သည်များကလည်း ဒေသခံရွာထဲသို့လာ၍ ရွာသားများ၏သီးနှံများကိုလည်း ဝယ်ယူ၍မရနိုင်တော့ပေ။ ဤကဲ့သို့ ခက်ခဲသည့်အခြေအနေများကြောင့် ကျေးရွာမှထွက်သည့်ကောက်ပဲသီးနှံများ၏ ဈေးနှုန်းများကျလာသည်။ သို့သော် ရွာသားများမှ ဝယ်ယူရသည့်စားစရာများ၊ ဆန်နှင့်ကုန်ပစ္စည်းများ၏ဈေးနှုန်းမှာ မြင့်သထက်မြင့်လာသည်။ တောင်ငူခရိုင်၊ ဒေါဖာချိုမြို့နယ်မှ ရွာသားတစ်ဦး၏တင်ပြချက်အရ "ဒေါဖာချိုမြို့နယ်၊ ပ---ရွာနဲ့ လ---ရွာတွင်နေထိုင်တဲ့ ရွာသားတွေဟာ မြို့ထဲကိုသွားပြီး ဈေးရောင်းလို့မရတော့ဘူး။ အခုချိန်မှာ ရွာသားတွေက တောထဲမှာမျှစ်တွေသွားရှာပြီး ရွာထဲမှာသာရောင်းလို့ရတယ်။ ဒါပေမဲ့ ဈေးအများကြီးရောင်းလို့မရပါဘူး။"

ထို့အပြင် ကိုဗစ်ရောဂါကူးစက်မှုကြောင့် ဒေသခံရွာသားများသည် မြို့ထဲသို့သွား၍ ဈေးဝယ်ယူရန်သော်လည်းကောင်း၊ အခြားနေရာသို့ ခရီးသွားလာရန်သော်လည်းကောင်း ဒေသခံအာဏာပိုင်တွေထံမှ ခရီးသွားထောက်ခံစာသွားယူရပါသည်။ တစ်ချို့သောရွာသားများသည် လယ်ယာ၊ စိုက်ပျိုးခြံများမရှိသည့်အတွက် အခြားနေရာသို့သွားရောက်အလုပ်ရှာဖွေရပါသည်။ သို့သော်လည်း ခရီးသွားရာတွင် ဤကဲ့သို့သော အခက်အခဲများကြောင့် ၎င်းတို့အတွက် အခြားနေရာသို့သွားရောက်အလုပ်လုပ်ကိုင်ရန် မလွယ်ကူပေ။ ရလဒ်အနေဖြင့် ၎င်းတို့ဝင်ငွေများမရှိတော့သည့်အတွက်ကြောင့် ၎င်းတို့၏မိသားစုစားဝတ်နေရေးအတွက် ပိုမို၍အခက်အခဲများဖြစ်စေပါသည်။

ကိုဗစ်ရောဂါကြောင့် ကျေးရွာများမှ ရွာသူရွာသားများသည် မိမိတို့စားသုံးရန် စားသုံးကုန်များ တစ်ခြားရွာသို့သွားဝယ်ရန်တွင်းလည်း ဒေသခံခေါင်းဆောင်များထံမှ ခရီးသွားလက်မှတ်များ ရယူရန်လိုအပ်ပါသည်။ တစ်ချို့သောရွာသူ ရွာသားများသည် မိမိတို့လုပ်ကိုင်စားသောက်ရန် ရွာထဲ၌ လယ်၊ ယာများမရှိသည့်အတွက် မိမိတို့၏စားဝတ်နေရေးအတွက် တစ်ခြားနေရာဒေသသို့ အလုပ်သွားရောက်လုပ်ကိုင်နေရပါသည်။ ယခုလိုအချိန်တွင် ကိုဗစ်ရောဂါကြောင့် တစ်ခြားနေရာဒေသများသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် မလွယ်ကူသောကြောင့် ဝင်ငွေအခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ ထိုကြောင့် မိမိတို့၏မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများစွာ ရှိနေပါသည်။

တစ်ဖက်တွင်လည်း စစ်ရေးတင်းမာမှုကြောင့် SAC စစ်ကောင်စီတပ် BGF နှင့် KNLA တပ်တို့ကြား တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဒေသခံရွာသူရွာသားများသည် ကြောက်ရွံ့စွာနေထိုင်နေရသည်သာမက စားဝတ်နေရေးအတွက် အလုပ်သွားလုပ်ရာတွင်လည်း အခက်အခဲများ ရင်ဆိုင်နေကြရပါသည်။ သထုံခရိုင်တွင် နေထိုင်လျက်ရှိသော ဒေသခံရွာသူရွာသားတစ်ချို့၏ဖော်ပြချက်အရ မိမိတို့နေထိုင်ရာဒေသအတွင်း၌ တိုက်ပွဲများဖြစ်ပွားမှုကြောင့် လယ်၊ ယာများထဲသို့ အလုပ်သွားလုပ်ရာတွင်လည်း စိုးရိမ်ကြောက်ရွံ့မှုများဖြင့် သွားလာနေရပါသည်။ ထိုတိုက်ပွဲများဖြစ်ပွားမှုကြောင့် ခရီးသွားလာရန်တင်းကြပ်မှုများရှိလာသလို ရွာအတွင်းမှ ဈေးဆိုင်များတွင်လည်း မြို့ထဲသို့ စားသုံးကုန်များသွားဝယ်ရန် မလွယ်ကူသောကြောင့် မိမိတို့ဆိုင်တွင်းရှိ စားသုံးကုန်များမရှိသလောက်ဖြစ်နေပါသည်။ ယ---ရွာသားတစ်ဦး၏ဖော်ပြချက်အရ "ကျမတို့ ကဒ---တပ်စခန်းအရှေ့မှာ မော်တော်ဆိုင်ကယ်နှင့်ဖြတ်သွားရင် သူတို့တွေက ကျမတို့ကိုပစ်တယ်။ ကျမတို့စားစရာတွေကို ချေထောက်နဲ့သွားယူရင်လည်း ကျမတို့မသွားရဲဘူး။ အဲ့ဒါကြောင့် ကျမတို့အဲ့လိုဘဲနေကြတယ်။ ဆိုင်တွေမှာလည်း စားသောက်ကုန်တွေမရှိကြတော့ဘူး။ စားစရာတွေကုန်သွားရင် ကျမတို့ငတ်ပြီး သေလိမ့်မယ်"

၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့ SAC စစ်ဂျက်လေယာဉ်များသည် လေကြောင်းဖြင့်တိုက်ခိုက်သောကြောင့် ဘူးသိုမြို့နယ်၊ မူတရော်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ နှင့်ညောင်လေးပင်ခရိုင်များတွင် နေထိုင်လျှက်ရှိသော ဒေသခံရွာသူရွာသားများသည် တောထဲသို့ထွက်ပြေးတိမ်းရှောင်ထိုင်ရခြင်းကြောင့် မိမိတို့၏လုပ်ကိုင်စားသောက်နေကျ နေရာများတွင် လုပ်ကိုင်စားသောက်၍ မရတော့ပါ။ ထို့ကြောင့် မိမိတို့စိုက်ပျိုးထားသော ရွာထဲမှအပင်များကို စောင့်ရှောက်၍မရတော့ပါ။ ဒေသခံရွာသား စောက---၊ စ---ရွာ၊ ဘူးသိုမြို့နယ်၊ မူတရော်ခရိုင်ဖော်ပြချက်အရ "နောက်နှစ်အတွက် မျှော်လင့်ချက်များများမရှိဘူး။ ဒီနှစ်ကတော့ တော်သေးတယ်။ ဘာကြောင့်လည်းဆိုတော့ ၂၀၂၀ ခုနှစ်တုန်းက သိုထားတဲ့စပါးတွေက ရှိသေးတဲ့အတွက်ကြောင့်ပေါ့" ဒေသခံရွာသားတစ်ဦးဖြစ်သော နော်အ---၊ တ---ရွာသား၊ ယိုကလားအုပ်စု၊ ဘီးလင်းမြို့နယ်၊ သထုံခရိုင်ဖော်ပြချက်အရ "ကျမတို့ကိုဘယ်သူမှ မကူညီရင် ကျမတို့ငတ်မှာပေါ့၊ အခုဆိုရင် ဆန်နဲ့ဆီကျန်သေးတယ်။ ဒါပေမယ့် ရှေ့ဆက်အတွက် မရှိတော့ဘူး"

# မြန်မာပြည်အရှေ့တောင်ပိုင်း စစ်ရေးလှုပ်ရှားမှု အခြေနေများ

## စစ်ရေးလှုပ်ရှားမှုများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့စစ်အာဏာသိမ်းပြီးသည့်နောက်ပိုင်း မြန်မာပြည်အရှေ့တောင်ပိုင်း အထူးသဖြင့် သထုံ(ဒူးသထူ)ခရိုင်၊ တောအူး(တောင်ငူ)ခရိုင်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ မူတြော်(ဖာပွန်)ခရိုင်နှင့် ဒူးပလာခရိုင်တို့တွင် စစ်ကောင်စီ၏ စစ်ရေးလှုပ်ရှားမှုများသည် ယခင်နှစ်များထက် ပိုမိုမြှင့်တက်လာခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလများအတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)မှ စစ်ကောင်စီတပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုနှင့်ပတ်သက်သည့် အစီရင်ခံစာ ၂၄ ခုအထက် လက်ခံရရှိခဲ့ပါသည်။

ထိုအစီရင်ခံများ၌ စစ်ကောင်စီသည် ၎င်းတို့၏ရှေ့တန်းတပ်စခန်းများသို့ တပ်သား၊ လက်နက်ခဲယမ်းများနှင့် ရိက္ခာဖြည့်တင်းခြင်း၊ စစ်လေယာဉ်နှင့် ဒရုန်းများကိုအသုံးပြု၍ အရပ်သားဒေသများကို ကင်းထောက်ခြင်း၊ အရပ်သားများ၏အိမ်နှင့် ဘာသာရေးအဆောက်အဦးများတွင် ဝင်ရောက်တပ်စွဲခြင်းနှင့် ဒေသခံများ၏ပိုင်ဆိုင်မှုများကိုလည်း မီးရှို့ဖျက်ဆီးခြင်း စသည့် လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြသည်။

ဤစစ်ရေးလှုပ်ရှားမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားမည်၊ ၎င်းတို့၏လယ်ယာနှင့် အိမ်တွင်းပိုင်ဆိုင်မှုများ လုယက်ဖျက်ဆီးခံရမည်၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခံရမည်၊ နေရပ်ဒေသမှထွက်ပြေးတိမ်းရှောင်ကြရမည်နှင့် လွတ်လပ်စွာသွားလာလုပ်ကိုင်ခွင့် မရတော့မည်ကို စိုးရိမ်ကြောက်ရွံ့ကြရသည်။

## တပ်သားနှင့်ရိက္ခာဖြည့်တင်းခြင်း

၂၀၂၁ ခုနှစ်၊ ဧပြီလ၌ ခလယ်လွီထူခရိုင်၊ လယ်ဒို(ကျောက်ကြီး)မြို့နယ်ရှိ လယ်ဒိုစစ်စခန်းတွင် အခြေစိုက်သော စစ်ကောင်စီတပ်ဖွဲ့ (တပ်ရင်းအမှတ်ကိုမသိရှိရ)သည် လယ်ဒိုမှ မူသယ်သို့ ဆက်သွယ်ထားသည့်လမ်းကို အသုံးပြု၍ ခလယ်လွီထူခရိုင်မှ မူတြော်ခရိုင်သို့ စစ်သား ၂၇၀ ဦး၊ စားနပ်ရိက္ခာနှင့် လက်နက်ခဲယမ်းများကို ပို့ဆောင်ခဲ့သည်။ ထိုကဲ့သို့ပို့ဆောင်ရာတွင် စီကောင်စီမှ မြင်းအကောင်ရေ ၁၄၀ ကို အသုံးပြုခဲ့သည်။ ဤကဲ့သို့သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်မီ လယ်ဒိုမြို့နယ်တွင် KNLA နှင့် စစ်ကောင်စီတပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ထို့နည်းတူ ၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် စစ်ကောင်စီ(တပ်ရင်းအမှတ်ကိုမသိရှိရ)မှ ၎င်းတို့၏စစ်သားများအား စစ်ကားများဖြင့် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့မှမူတြော်ခရိုင်တွင်းသို့ ထပ်မံပို့ဆောင်ခဲ့သည်။ ဤသို့သယ်ယူပို့ဆောင်ရာ၌ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ အိသာပလောဒေသတွင် KNLA နှင့် စစ်ကောင်စီတပ်ဖွဲ့များအကြား ထိတွေ့တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် တောအူးခရိုင်၌ အခြေစိုက်သည့် ခြေမြန်တပ်ရင်းအမှတ်(၆၀၃)မှ စစ်သားအချို့သည် အရပ်ဝတ်ဖြင့် တာပူ(လိပ်သို)မြို့သို့ သွားရောက်၍ လိပ်သိုမြို့ရဲစခန်းတွင် တပ်အင်အားသွားရောက်၍ဖြည့်တင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဇွန်လတွင်လည်း စစ်ကောင်စီ ခြေမြန်တပ်ရင်းအမှတ်(၆၀၃)တပ်သည် စစ်ကား ၂၂ စီးဖြင့် တပ်သား ၃၀ ဦးခန့်၊ ရိက္ခာများနှင့်ဆေးဝါးများကို လိပ်သိုမြို့ရှိ ၎င်းတို့၏တပ်စခန်းသို့ သယ်ဆောင်သွားခဲ့သည်။ ဒေသခံရွာသားများအနေဖြင့် ထိုစစ်ကောင်စီစစ်သားများသည် မည့်သည့်နေရာမှ ထွက်လာခဲ့သည်ကို အတိအကျမသိသော်လည်း စစ်စခန်းတွင်အင်အားဖြည့်တင်းရန်အတွက် ရောက်ရှိလာသည်ဟု ယုံကြည်ကြသည်။ သို့ဖြစ်သောကြောင့် ဒေသခံရွာသားများမှ မိမိတို့ဒေသတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားမည်ကို ကြောက်ရွံ့နေကြရသည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း တောင်အူးမှလိပ်သိုမြို့သို့ တက်သွားသည့် စစ်ကောင်စီစစ်ကားပုံကို ရိုက်ယူထားခြင်းဖြစ်သည်။ (ပုံ - KHRG)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် စစ်ကောင်စီ ခြေမြန်တပ်ရင်းအမှတ်(၄၃၄)မှ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါ်ပူကျေးရွာအုပ်စုရှိ ကဟီးကျိုးတပ်စခန်းသို့ ရိက္ခာပို့ဆောင်စဉ် ခေါ်ပူကျေးရွာအုပ်စုရှိ ထ---ကျေးရွာသို့ဝင်ကာ ရွာသားများ

၏ကွဲနှစ်ကောင်အား ပစ်သတ်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဇွန်လိုင်လ ၁၆ ရက်နေ့တွင် စစ်ကောင်စီ စစ်သားများမှ ဒူးပလာခရိုင်၊ ကော့တရိ(ကော့ကရိတ်)မြို့နယ်၊ ကျော့ထကျေးရွာအုပ်စု၊ က---ကျေးရွာသို့ စစ်သားများအပြည့် တင်ဆောင်လာသည့် စစ်ကား ၅ စီးဖြင့် သွားရောက်ခဲ့သည်။ ၎င်းသည် ဒေသတွင်းနေထိုင်သည့် ရွာသားများတွက် ကြောက်ရွံ့ထိတ်လန့်မှုကို ဖြစ်စေသည်။

စစ်ကောင်စီတပ်မှ စစ်သားများ၊ လက်နက်ခဲယမ်းများနှင့် ရိက္ခာများပို့ဆောင်ခြင်းအား ပို၍ပြုလုပ်လာခြင်းသည် ကျေးလက်နေပြည်သူများ၏ လွတ်လပ်စွာသွားလာနေထိုင်ရန်အတွက် လုံခြုံရေးအားထိခိုက်မှု လွန်စွာဖြစ်ပေါ်စေပါသည်။

## စစ်လေယာဉ်နှင့် ဒရုန်းများကိုအသုံးပြု၍ အရပ်သားဒေသများကို ကင်းထောက်ခြင်း

၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့နှင့် ဧပြီလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ တွင်ခလယ်လွိုထူခရိုင်၊ လယ်ဒို(ကျောက်ကြီး)မြို့နယ်၊ ဒ---ကျေးရွာအုပ်စုအတွင်း စစ်ကောင်စီစစ်လေယာဉ်များမှ ကင်းထောက်ပျံဝဲမှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ဒ---ကျေးရွာအုပ်စုရှိ ဒေသခံရွာသားများအနေဖြင့် စစ်လေယာဉ်ပျံဝဲသံများကြားရသည့်အချိန်တိုင်း စစ်ကောင်စီမှ ၎င်းတို့၏ကျေးရွာများအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်မည်ကို အလွန်စိုးရိမ်ကြရသည်။

၂၀၂၁ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း မူတြော်ခရိုင်ရှိ ဒွယ်လိုးမြို့နယ်၊ လူသောမြို့နယ်နှင့် ဘူးသိုမြို့နယ်တို့တွင်လည်း စစ်ကောင်စီစစ်လေယာဉ်များမှ ၂ ရက် ၃ ရက် တစ်ကြိမ် ကင်းထောက်ပျံဝဲကြသည်။



ဤပုံသည် ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့၌မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူးကျေးရွာအုပ်စု၊ ဝ---ကျေးရွာတွင် စစ်ကောင်စီ စစ်လေယာဉ်မှ ကင်းထောက်ပျံဝဲနေသောပုံဖြစ်သည်။ (ပုံ - ဒေသခံရွာသား)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့နှင့် ၂ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး)မြို့နယ်၊ ပ---ကျေးရွာအုပ်စုအတွင်းတွင်လည်း စစ်ကောင်စီစစ်လေယာဉ်မှ ပျံဝဲကင်းထောက်မှုပြုလုပ်ခဲ့သဖြင့် ဒေသခံရွာသားများမှ ခလယ်လွိုထူခရိုင်နှင့် မူတြော်ခရိုင်များကဲ့သို့ လေကြောင်းတိုက်ခိုက်မှုများကို ၎င်းတို့ဒေသ၌ပြုလုပ်မည်ကို ကြောက်နေကြသည်။

စစ်လေယာဉ်နှင့် ဒရုန်းဖြင့်ကင်းထောက်ပျံဝဲမှုများသည် မူတြော်ခရိုင်နှင့်ဒူးပလာခရိုင်တို့တွင်လည်း ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့နှင့် ၁၉ ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ ဒေ့ဘူနို့ဒေသတွင် စစ်ကောင်စီစစ်လေယာဉ် တစ်ရက်လျှင်နှစ်စီးဖြင့် ကင်းထောက်ပျံဝဲမှုများ ပြုလုပ်ခဲ့ကြသည်။ သို့ဖြစ်သောကြောင့် ဒေ့ဘူနို့ဒေသတွင်နေထိုင်ကြသော ဒေသခံများသည် အမြဲတစေ သတိဝီရိယဖြင့်နေကြရပြီး လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည်ကို ကြောက်ရွံ့နေကြရသည်။ မည်သည့်အချိန်တွင် တိုက်ခိုက်မှုဖြစ်ပွားမည်ကို မသိရသဖြင့် ဒေသခံ KNU ခေါင်းဆောင်များအနေဖြင့် ဒေ့ဘူနို့ဒေသတွင်နေထိုင်ကြသော ဒေသခံများ သတိဖြင့်နေကြရန် အသိပေးထားကြသည်။

KNLA မှ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ကာလိခီး(ခုတ်ခွား)တပ်စခန်းအား ဝင်ရောက်နေရာယူပြီးသည့်နောက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် စစ်ကောင်စီခြေလျင်တပ်ရင်းအမှတ်(၃၂)မှ စစ်သား ၅၀ ယောက်သည် စစ်ကားနှစ်စီးဖြင့် ကာလိခီးကျေးရွာသို့ သွားရောက်ခဲ့သည်။ ၎င်းတို့သည် ဒရုန်းနှင့်စစ်သားများဖြင့် နယ်မြေကင်းထောက်ခြင်းများကို ပြု လုပ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် စစ် ကောင်စီစစ်သားများသည် နို့တကောကျေးရွာအုပ်စု၊ န---ကျေးရွာတွင် ဆက်လက်ရှိနေခဲ့ပြီးနောက် စစ်ကား ၉ စီးဖြင့် ဟ---ရွာသို့ သွားခဲ့သည်။ ထို့ကြောင့် ဟ---ရွာသားများမှာ စစ် ကောင်စီတပ်စခန်းနှင့်ဝေးရာသို့ ထွက်ပြေးတိမ်းရှောက်ခဲ့ကြရသည်။

## အရပ်သားများ၏အိမ်နှင့် ဘာသာရေးအဆောက်အအုံများတွင် ဝင်ရောက်နေရာယူခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ အလယ်ချောင်းကျေးရွာအုပ်စု၊ အ---ကျေးရွာတွင် စစ်ကောင်စီတပ်သားများသည် လမ်းလုံခြုံရေးယူရာတွင် ရွာသားများ၏နေအိမ်များတွင် သွားရောက်နေရာယူခဲ့သည်။ ရွာသားများမှ မနှစ်သက်သော်လည်း ၎င်းတို့၏နေအိမ်တွင် နေရာမယူရန် မပြောရဲကြပါ။

အလားတူ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်

စစ်ကောင်စီစစ်သားများနှင့် BGF စစ်သား ၃၀၂ ယောက်ခန့်သည် ဒူးပလာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဝ---ကျေးရွာရှိ ဘုန်းကြီးကျောင်းများနှင့် နေအိမ်များတွင် ဝင်ရောက်တပ်စွဲခဲ့သည်။ စစ်ကောင်စီစစ်သားများနှင့် BGF စစ်သားများ၏ ဝင်ရောက်တပ်စွဲခဲ့ခြင်းကြောင့် ရွာထဲရှိအိမ်ခြေ ၄၀ မှ ရွာသားများသည် က---ကျေးရွာအရှေ့ဖက်ခြမ်းသို့ ထွက်ပြေးခဲ့သည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စစ်ကောင်စီစစ်သားများနှင့် BGF စစ်သားများ ဂ---ရွာမှ ထွက်ခွာသွားခဲ့ပြီးသည့်နောက် ဂ---ရွာသားများသည် ၎င်းတို့၏ကျေးရွာသို့ ပြန်လာခဲ့သည်။ သို့သော်လည်း သတိဝိရိယဖြင့်သာ ရွာထဲတွင်နေထိုင်နေရပါသည်။

## စစ်ကောင်စီတပ်များမှတပ်စွဲခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ကမှ မတ်လအထိ တောအူး(တောင်ငူ)ခရိုင်၊ ဒေါ်ဖနိ(သံတောင်ကြီး)မြို့နယ်၊ လိပ်သိုမြို့ရှိ စစ်ကွပ်ကဲအခြေစိုက် (စကခ)အမှတ်(၆)လက်အောက်ခံ ခမရအမှတ်(၆၀၃)တပ်သည် လိပ်သိုမြို့ရှိ အထွေထွေမြို့အုပ်ချုပ်ရေးမှူးရုံးနေရာတွင် နေရာယူတပ်စွဲထားပြီး အများပြည်သူသွားလာရန် လမ်းဆုံလမ်းခွများနှင့် မြို့အဝင်အထွက်များတွင် စစ်ဆေးရေးဂိတ်ထားရှိပြီး ရွာသူရွာသားများ၏ အသွားအလာများကို စစ်ဆေးမေးမြန်းလျက်ရှိပါသည်။

## ဒေသခံများ၏ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခြင်း

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ဗိုလ်လှကြိုင်ဦးဆောင်သည့် BGF တပ်ရင်းအမှတ်(၁၀၁၃)သည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ထီးသဘာလုထကျေးရွာအုပ်စု၊ သ---ကျေးရွာရှိရွာသားနှစ်ဦး၏အိမ်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဤကဲ့သို့ တမင်မီးရှို့ဖျက်ဆီးခြင်းများကြောင့် သ---ကျေးရွာရှိ ရွာသားများသည် ထိတ်လန့်စွာနေနေကြရသည်။

စစ်အာဏာသိမ်းပြီးသည့်နောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်ကောင်စီမှ စစ်ရေးလှုပ်ရှားမှုများကို ယခင်ကာလများထက် တိုးချဲ့လုပ်ဆောင်လာခြင်းကြောင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ၎င်း၏ရှေ့တန်းတပ်စခန်းများသို့ တပ်သား၊ လက်နက်ခဲယမ်းများနှင့် ရိက္ခာဖြည့်တင်းခြင်းပြုလုပ်စဉ် လမ်းလုံခြုံရေးယူခြင်း၊ တပ်သားများလဲလှယ်ခြင်း၊ KNU ထိန်းချုပ်နယ်မြေအတွင်း ဝင်ရောက်ကျူးကျော်ခြင်း၊ အရပ်သားများနေထိုင်ရာဒေသတွင် ကင်းလှည့်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် စစ်ကောင်စီမှ စစ်လေယာဉ်နှင့် ဒရုန်းများကိုအသုံးပြု၍ အရပ်သားဒေသများတွင် ကင်းထောက်ခြင်း၊ အရပ်သားများ၏အိမ်နှင့် ဘာသာရေးအဆောက်အအုံများတွင် ဝင်ရောက်နေရာယူခြင်းနှင့် ဒေသခံများ၏ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခြင်းများသည် ဒေသခံရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်နှင့် အသက်ရှင်နေထိုင်ခွင့်တို့ကို ပိုမိုခြိမ်းခြောက်လျက်ရှိနေသည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖနိမြို့နယ်၊ လိပ်သိုမြို့ရှိ အထွေထွေမြို့အုပ်ချုပ်ရေးမှူးရုံးနေရာကို ခမရ(၆၀၃)တပ်မှ တပ်စွဲထားသောပုံဖြစ်သည်။ (ဓါတ်ပုံ - KHRG)



ဤဓာတ်ပုံကို ၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ အလယ်ချောင်းကျေးရွာအုပ်စု အ---ကျေးရွာ၊ စစ်ကောင်စီစစ်သားများသည် လမ်းကင်းယူနေသောပုံဖြစ်သည်။ (ဓါတ်ပုံ - KHRG)

# ပညာရေးအခြေနေ

ကိုဗစ်ရောဂါနှင့် အာဏာသိမ်းမှုကြောင့် အစိုးရကျောင်းတော်တော်များများ ပိတ်ထားရသော်လည်း KECD ကျောင်းများကမူ ဖွင့်လှစ်လျက်ရှိသည်။ ဘားအံခရိုင်၊ တနေးဆားမြို့နယ်တွင် ၂၀၂၁ ခုနှစ်၊ ဖွန်လမှစတင်ကာ KECD ကျောင်းများအပါအဝင် အစိုးရကျောင်းများ စတင်ဖွင့်လှစ်ပြီဖြစ်သော်လည်း အစိုးရကျောင်းတွင် ပညာသင်ကြားနေလျက်ရှိသော ကျောင်းသူကျောင်းသား အချို့ကမူ အစိုးရကျောင်းတွင် ဆက်မတက်တော့ဘဲ နယ်စပ်ဒေသရှိ KECD ကျောင်းများသို့ ဆက်သွယ်ကာ သွား၍တက်ရောက်ကြသည်။ တနေးဆားမြို့နယ်တွင် ကိုဗစ်ရောဂါကူးစက်မှု ပို၍များပြားလာသောကြောင့် KECD ကျောင်းအချို့ ပိတ်ထားရသော်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုမရှိသော ဒေသများရှိ KECD ကျောင်းများကမူ ဖွင့်လှစ်နေလျက်ရှိသည်။

ထိုနည်းတူ သထုံခရိုင်၊ ဘားအံမြို့နယ်တွင် ကိုဗစ်ရောဂါနှင့်အာဏာသိမ်းမှုကြောင့် အစိုးရကျောင်းများပိတ်ထားရသော်လည်း KECD ကျောင်းများကမူ ဖွင့်လှစ်လျက်ရှိသည်။ BGF မှ KECD ကျောင်းများ ဤကဲ့သို့ဖွင့်လှစ်ခြင်းကို မနှစ်သက်သောကြောင့် ၎င်းတို့က မယ်သယ်ဒီးကျေးရွာအုပ်စုရှိ ဆရာဆရာမများအား "ဘယ်အစိုးရကျောင်းမှမဖွင့်တာ။ မင်းတို့ကဘာကြောင့် ကျောင်းကို ဖွင့်ရတာလဲ။" ဟု ပြောကာ ထီးကျော်ဒီးကျေးရွာမှ ကျောင်းဆရာမနှစ်ဦးကိုလည်း ၎င်းတို့နှင့်လာရောက်တွေ့ဆုံရန် အမိန့်ပေးခဲ့သည်။ ကျောင်းအုပ်ကြီးမှ ၎င်းတို့နှင့် ဘုန်းကြီးကျောင်းတွင်တွေ့ဆုံခဲ့စဉ် ၎င်းတို့မှ ကျောင်းဆရာ/ဆရာမနှင့် ကျောင်းသားဦးရေ မည်မျှရှိကြောင်းကို မေးမြန်းခဲ့သည်။ အခြားကျောင်းဆရာမတစ်ဦးအား ရွာသူအမျိုးသမီးတစ်ဦးနှင့်အတူ လာရောက်တွေ့ဆုံရန် ၎င်းတို့မှာကြားခဲ့သည်။ ထိုကျောင်းဆရာမတစ်ဦးမှ BGF ဗိုလ်မှူးနှင့် သွားရောက်တွေ့ဆုံခဲ့သော်လည်း ထိုရွာသူအမျိုးသမီးမှာမူ ၎င်းတို့နှင့်သွားရောက်တွေ့ဆုံရန် လုံခြုံမှုမရှိဟုခံစားရသောကြောင့် သွားရောက်တွေ့ဆုံခြင်းမလုပ်ခဲ့ပေ။ ထို့ကြောင့် BGF ဗိုလ်မှူးမှ ၎င်းတို့နှစ်ဦးစလုံး လာရောက်တွေ့ဆုံခြင်းမရှိသေးခင်အထိ ၎င်းအနေဖြင့် ဘာမှပြောကြားမည်မဟုတ်ဟုဆိုသည်။

ထို့ကြောင့် KECD ကျောင်းများ၏ ကျောင်းစဖွင့်ချိန်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ ဖွန်လသို့ရောက်ရှိပြီဖြစ်သည့်တိုင် ကျေးရွာအနားရှိ BGF စခန်းမှ အန္တရာယ်ပေးမည်ကို စိုးရိမ်ဖွယ်ရှိသောကြောင့် ထီးကျော်ဒီးအလယ်တန်းကျောင်းသည် ၂၀၂၁ ခုနှစ်၊ ဖွန်လအစတွင်း စတင်ဖွင့်လှစ်နိုင်ခြင်းမရှိသေးဘဲ ၂၀၂၁ ခုနှစ်၊ ဖွန်လ ၂၈ ရက်နေ့မှ စတင်ဖွင့်လှစ်ဖို့ရန် ရွှေ့ဆိုင်းစီစဉ်ထားလျက်ရှိသည်။ ယခင်နှစ်၌ မယ်သယ်ဒီးအထက်တန်းကျောင်းတွင် ကျောင်းသူ/ကျောင်းသားဦးရေ အယောက်(၁၀၀)ကျော်သာ ရှိသော်လည်း ယခုနှစ်တွင် ကျောင်းသူကျောင်းသားဦးရေ အယောက်(၄၀၀)ကျော်အထိ တိုးလာသည်။ အကြောင်းမှာ အစိုးရကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသူ/ကျောင်းသားများသည် မယ်သယ်ဒီးအထက်တန်းကျောင်းသို့ ပြောင်းရွှေ့တက်ရောက်ကြသောကြောင့် ဖြစ်သည်။

ဤပုံများကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့၌ ဘားအံခရိုင်၊ တာကရဲ့မြို့နယ်၊ နို့ကွီးကျေးရွာအုပ်စု၊ တကူကရောရွာတွင် ရိုက်ယူခဲ့သည်။ ပုံများတွင် မိုးရွာသီအတွင်း ရွာသားများက ကျောင်းသား/ကျောင်းသူများ ကျောင်းသွားအဆင်ပြေစေရန်အတွက် တံတားဆောက်လုပ်ပေးနေသောပုံဖြစ်သည်။ (ဓာတ်ပုံများ - KHRG)

ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ နီးခွီကျေးရွာအုပ်စု၊ တကူကရောရွာရှိ KECD မူလတန်းကျောင်းအား ၂၀၂၁ ခုနှစ်၊ ဖွန်လတွင် စတင်ဖွင့်လှစ်ပြီး ဤကဲ့သို့ဖွင့်လှစ်ရခြင်းအကြောင်းမှာ အခြားရွာများရှိ ကျောင်းသူ/သားများ လာ၍တက်ရောက်ခြင်းမရှိသောကြောင့်ဖြစ်သည်။ ရွာရှိအစိုးရကျောင်းများမှာမူ ပိတ်ထားလျက်ပင်ရှိသည်။ သို့သော် ကိုဗစ်ရောဂါကူးစက်မှု တိုးပွားလာသောကြောင့် ၂၀၂၁ ခုနှစ်၊ ဖွန်လတွင် ရွာရှိ KECD ကျောင်းအား နှစ်ပတ်ပိတ်ခဲ့ရသည်။ ဤကဲ့သို့ကျောင်းအား ခေတ္တပိတ်ထားရခြင်းမှာ ကေအန်ယူခေါင်းဆောင်များမှ ကျောင်းအားခေတ္တပိန့်ရန် အမိန့်ပေးညွှန်ကြားထားခြင်းကြောင့်ဖြစ်သည်။ သို့သော် ကိုဗစ်ရောဂါအခြေအနေ ပြန်လည်ကောင်းမွန်လာပါက ကျောင်းအားပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်သည်။





ဤပုံများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၌ ဘားအံခရိုင်၊ တာကရဲ့မြို့နယ်၊ နို့ကြီးကျေးရွာအုပ်စု၊ တကူကရောရွာတွင် ရိုက်ယူခဲ့သည်။ ပုံများတွင် အစိုးရကျောင်းများပိတ်ထားသော်လည်း ဒေသခံကျောင်းများ ဖွင့်လှစ်ထားသည့်အတွက်ကြောင့် ဒေသခံကျောင်းသား/ကျောင်းသူများ ကျောင်းတွင်စာသင်ယူနေသောပုံ ဖြစ်ပါသည်။ (ဓာတ်ပုံများ - KHRG)

## CDMလှုပ်ရှားမှုတွင်ပါဝင်သောကျောင်းဆရာဆရာမများ၏အခြေနေများ

စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရဝန်ထမ်းများစွာ CDM (အာဏာဖီဆန်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှု) တွင် ပူးပေါင်းပါဝင်ကြသည်ကို တွေ့ရသည်။ ထို CDM လှုပ်ရှားမှုတွင် ပညာရေးဝန်ထမ်းများစွာလည်း ပါဝင်ကြသည်။ စစ်တပ်သည် CDM လှုပ်ရှားမှုတွင်ပါဝင်သော ကျောင်းဆရာ/ဆရာမများအား မဲမသမာမှုပြုလုပ်သည်ဟု ခိုင်လုံသောသက်သေမရှိဘဲ စွပ်စွဲခြင်းကြောင့် ယခုလက်ရှိဖြစ်ပွားနေသည့် အခြေအနေများသည် အမှန်တရားမဟုတ်၍ အမှန်တရားဖက်ကရပ်တည်ဖို့ရန် ၎င်းအနေဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်ရခြင်းဖြစ်သည်ဟု တနသ်ာရီတိုင်းမှ ကျောင်းဆရာမတစ်ဦးက ပြောပြခဲ့သည်။

CDM လှုပ်ရှားမှုတွင်ပါဝင်သော ကျောင်းဆရာ/ဆရာမ အနည်းငယ်သာရှိသည့်ကျောင်းများတွင်မူ CDM လှုပ်ရှားမှုတွင်မပါဝင်သော ဆရာဆရာမများက ထို CDM လှုပ်ရှားမှုတွင်ပါဝင်သော ဆရာဆရာမများအားနှိမ်၍ ဆက်ဆံကြသည်။ CDM လှုပ်ရှားမှုတွင်ပါဝင်သော ဆရာ/ဆရာမများက ၎င်းတို့အနေဖြင့် စစ်ကောင်စီမှ ၎င်းတို့အားဖမ်းဝရမ်းမထုတ်ထားသော်လည်း ၎င်းတို့၏ အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်ရှိသောကြောင့် ၎င်းတို့၏နေအိမ်တွင်မနေရဲဘဲ အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်နေရကြသည်။ အကြောင်းမှာ အချို့သောကျေးရွာများတွင် စစ်တပ်နှင့်စစ်တပ်ထောက်ခံသူများက CDM လှုပ်ရှားမှုတွင်ပါဝင်သော အစိုးရဝန်ထမ်းများအား ဖြစ်သလိုဆွဲခေါ် သွားခြင်းတို့ရှိသည်။ မြို့တွင်နေသော CDM ဝန်ထမ်းများက ၎င်းတို့၏လုံခြုံရေးအတွက် ထွက်ပြေးတိမ်ရှောင်နေရသည်။ သို့သော် KNU ထိန်းချုပ်နယ်မြေအတွင်း ခိုလှုံနေသောဝန်ထမ်းများကမူ ၎င်းတို့၏ အသက်အန္တရာယ်အတွက် စိုးရိမ်စရာမလိုဘဲ လုံခြုံစွာခိုလှုံနေထိုင်ရကြသည်။

## ကျောင်းအပ်ခြင်း

အချို့ဒေသရှိ အစိုးရကျောင်းများသည် ၂၀၂၁ ခုနှစ်၊ ဖွန်လတွင် စတင်ဖွင့်လှစ်ပြီဖြစ်သည်။ သို့သော် ကျောင်းသားမိဘအများစုက စစ်ကျွန်ပညာရေးအား မနှစ်သက်ခြင်းကြောင့်သော်လည်းကောင်း၊ ၎င်းတို့၏သားသမီးတို့၏ ကျန်းမာရေး(ကိုဗစ်ရောဂါ) အတွက် စိုးရိမ်ရခြင်းကြောင့်သော်လည်းကောင်း ကျောင်းများတွင်ဗုံးပေါက်ကွဲမှုများဖြစ်ပွားမည်ကို စိုးရိမ်ရသောကြောင့် ၎င်းတို့၏သားသမီးများအား ကျောင်းသို့မအပ်နှံကြပေ။

အချို့ကျောင်းသူကျောင်းသားများက ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ကျောင်းမတက်ခြင်းများလည်း ရှိသည်။ ဥပမာ အချို့ကလေးများသည် "အမေစုပြန်လွတ်လာမှကျောင်းတက်မည်" ဟု ပြောဆိုကြသည်။ ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်၊ ကျော်ကေးခိုကျေးရွာမှ (၈)တန်းကျောင်းသူ နော်ကလိုကွယ်မူးကလည်း မြို့ပေါ်ရှိကျောင်းများပြန်တက်မှပင် သူမအနေဖြင့် ကျောင်းတက်မည်ဟု ဆုံးဖြတ်ထားပြီး သူမ၏မိဘများကလည်း ကျောင်းတက်၊မတက်ကိစ္စကို သူမအားလွပ်လပ်စွာ ဆုံးဖြတ်ခွင့်ပေးထားသည်ဟုဆိုသည်။

တတိယနှစ် ဘားအံတက္ကသိုလ်ကျောင်းသား တ---ကလည်း ၎င်း၏သူငယ်ချင်းများက ကျောင်းမတတက်ရန်ပြောကြားပြီး ၎င်းအနေဖြင့်လည်း ကျောင်းတွင်ပုံးပေါက်ကွဲမှုဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် ကျောင်းမတက်သေးရန်ဆုံးဖြတ်ချက်ချထားပြီး နိုင်ငံရေးအခြေအနေ ပြန်ကောင်းလာသည်မှ ကျောင်းပြန်တက်မည်ဟုဆိုသည်။

## ကျောင်းများဖွင့်ရန်ခြိမ်းခြောက်ခြင်း

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်၌မေလ ၂၆ ရက်နေ့တွင် စစ်ကောင်စီမှ ကျောင်းများဖွင့်လှစ်ရန်ညွှန်ကြားခဲ့သည်။ သို့သော်လည်း ကျောင်းသားမိဘများက စစ်အစိုးရအား မနှစ်သက်ခြင်းနှင့် ကျောင်းတွင်ပုံးပေါက်ကွဲမှု ဖြစ်ပွားမည်ကိုစိုးရိမ်သောကြောင့် ၎င်းတို့၏ကလေးများအား ကျောင်းမအပ်ကြပေ။ ထို့အပြင် CDM လှုပ်ရှားမှုတွင်ပါဝင်သော ကျောင်းဆရာဆရာမများနှင့်၊ မပါဝင်သော်လည်း ကျောင်းအားဂရုစိုက်ခြင်းမပြုတော့သော ကျောင်းဆရာဆရာမမြောက်မြားစွာရှိသည်။ ထို့ကြောင့် ကျောင်းသားနှင့် ကျောင်းဆရာဆရာမအရေအတွက် မပြည့်မီသောကြောင့် စစ်ကောင်စီ၏ကျောင်းဖွင့်ရန်အစီအစဉ်သည် ကောင်းမွန်စွာမဖြစ်မြောက်ခဲ့ပေ။

ထို့ကြောင့် စာသင်ကျောင်းအားလုံးဖွင့်ရမည်ဖြစ်ပြီး စာသင်ကျောင်းများမဖွင့်ပါက အရေးယူဆောင်ရွက်သွားမည်ဟု စစ်ကောင်စီက ခြိမ်းခြောက်ခဲ့သည်။ ထို့အပြင် ကေအဲန်ယူအနေဖြင့် ကျောင်းများမဖွင့်ရန်တားဆီးပါက ၎င်းတို့၏မိသားစုဝင်များအား အပြတ်ရှင်းပစ်မည်ဟု ထပ်မံခြိမ်းခြောက်သေးသည်။ သို့သော်လည်း ယခုတွင် ကိုဗစ်ရောဂါတတိယလှိုင်းကြောင့် ကျောင်းများပိတ်ထားနေရဆဲဖြစ်သည်။




ဤပုံများကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်၊ နိုတာစုကျေးရွာအုပ်စု၊ တကုခီးကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံများတွင် ၂၀၂၁ ခုနှစ်တွင် မြန်မာအစိုးရကျောင်းများပိတ်ထားပြီး ကျောင်းသား၊ ကျောင်းသူမိဘများကလည်း ၎င်းတို့၏သားသမီးများအား အစိုးရကျောင်းများသို့ မပို့ချင်သည့်အတွက်ကြောင့် ဒေသခံရွာသားများက ဆရာ၊ဆရာမများကိုခေါ်ယူပြီး ၎င်းတို့သားသမီးများကို အိမ်တွင်သာ စာသင်ကြားပေးစေခဲ့သည်။ ရွာသားများမှလည်း ဆရာ၊ဆရာမများကို လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပံ့ပိုးခဲ့သည်။ (ဓာတ်ပုံများ - KHRG)

## နောက်ဆက်တွဲပြဿနာများ

သထုံခရိုင်ရှိမြို့နယ်များစွာတွင် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် အစိုးရကျောင်းများပြန်ဖွင့်ရန် စစ်ကောင်စီပညာရေးဝန်ထမ်းများက ဒေသခံများနှင့် ကေအဲန်ယူပညာရေးဝန်ကြီးဌာနများကို လာရောက်တွေ့ဆုံညှိနှိုင်းတိုင်ပင်ခဲ့ကြပြီး ဒေသခံများ

နှင့် ကေအဲန်ယူအဖွဲ့အစည်းများကလည်း ကျောင်းများဖွင့်ရန်အစီအစဉ်အား လက်ခံကြသည်။ သို့သော် ထိုစစ်ကောင်စီပညာရေးဝန်ထမ်းများက ၎င်းတို့၏လုံခြုံရေးအတွက် ဒေသခံများက တာဝန်ယူပေးရမည်ဟု တောင်းဆိုလာရာ ဒေသခံများကလည်း ၎င်းတို့အနေဖြင့် ထိုကဲ့သို့တာဝန်ယူပေးရန် မဖြစ်နိုင်သောကြောင့် ကျောင်းများဖွင့်လှစ်ရန်အစီအစဉ်မှာ မဖြစ်မြောက်ခဲ့ပေ။

ထို့ကြောင့် အချို့သောရွာများတွင် ကျောင်းသားမိဘများက ဒေသတွင်းရှိပညာတတ်လူငယ်များအား အကူအညီတောင်းကာ ၎င်းတို့၏သားသမီးများအား စာသင်ကြားစေခြင်းနှင့် အချို့သောရွာများတွင် ဘုန်းကြီးများကိုအကူအညီတောင်းကာ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းများဖွင့်လှစ်သင်ကြားခြင်းများ ပြုလုပ်ကြသည်။ သို့သော် အချို့ရွာများတွင်မူ ကျောင်းသားများက အစိုးရကျောင်းများတွင်သာ ဖွင့်လှစ်တက်ရောက်ကြခြင်းများရှိပြီး အချို့သောကျေးရွာများမှာမူ စာသင်ကျောင်းများ လုံးလုံးပင်ဖွင့်လှစ်ခြင်းမရှိသည်ကို တွေ့ရသည်။ သထုံခရိုင်ရှိ KECD ကျောင်းများမူ ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်တက်ရောက်မှုများရှိသည်ကို တွေ့ရသည်။ ဘားအံခရိုင်တွင်မူ ကျောင်းဆရာဆရာမများစွာက CDM လှုပ်ရှားမှုတွင်ပါဝင်ကြခြင်းကြောင့်နှင့် ကိုဗစ်ရောဂါအခြေအနေများကြောင့် အစိုးရကျောင်းများ ယခုထိတိုင်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။ တတိယနှစ် ဘားအံတက္ကသိုလ်ကျောင်းသား တ---က ဤကဲ့သို့ကျောင်းများမတက်နိုင်ရခြင်း အခြေအနေသည် ကလေးများအတွက် တန်ဖိုးကြီးလှသောပညာသင်နှစ်တစ်နှစ်အား ဆုံးရှုံးနစ်နာလိုက်ကြရပြီး ဤသည်မှာ ၎င်းတို့၏ပညာရေးအား ဆိုးရွားစွာထိခိုက်စေသည်ဟုဆိုသည်။ ထို့အပြင် ဤအရာသည် လူတစ်ဦးတစ်ယောက်ကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ တစ်တိုင်းပြည်လုံးကိုပင် ထိခိုက်စေသည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

# ကျန်းမာရေးအခြေနေ

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေဒေသများတွင် နေထိုင်သော ဒေသခံပြည်သူများမှာ အများအားဖြင့် ငှက်ဖျားရောဂါ၊ နာစေးချောင်းဆိုးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါလက္ခဏာများဖြစ်သည့် ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ အဖျားတက်ခြင်း၊ မောပန်းခြင်း၊ လည်ချောင်းနာခြင်း၊ အနံ့ပျောက်ခြင်းနှင့် အစားမဝင်ခြင်းများကို ခံစားနေရပါသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ဒေသအတွင်း ခရီးသွားလာခြင်းများ လွယ်ကူနေသေးသည့်အတွက်ကြောင့် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများမှ ရွာများတွင် ကိုရိုနာရောဂါနှင့်ပတ်သက်၍ ကာကွယ်တားဆီးရမည့် အသိပညာပေးခြင်းများကို လုပ်ဆောင်နေလျှက်ရှိသည်။ စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာအစိုးရကျန်းမာရေးဝန်ထမ်းများသည် စစ်ကောင်စီကိုဆန့်ကျင်၍ CDM လှုပ်ရှားမှုတွင် ပါဝင်လာသည့်အတွက်ကြောင့် အစိုးရဆေးရုံများတွင် ဆရာဝန်များနှင့် ကျန်းမာရေးလုပ်သားများမရှိတော့ပေ။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ မေလမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ပို၍များလာပါသည်။ ဒေသတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသည့် ကိရိယာများ မရှိသော်လည်း ဒေသခံများသည် ကိုရိုနာရောဂါလက္ခဏာများနှင့်ဆင်တူသော အနံ့ပျောက်ခြင်းကို ခံစားနေရသည့်အတွက်ကြောင့် ရွာသားများက ဤလက္ခဏာသည် ကိုရိုနာရောဂါဖြစ်ကြောင်း ယူဆကြသည်။ ဒူးသထုခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးသဒွေါ်ထကျေးရွာအုပ်စု၊ ထီးဖာဒို့ထကျေးရွာတွင်နေထိုင်သည့် နော်တ---က ဤကဲ့သို့တင်ပြခဲ့သည်။ "အခုချိန်မှာ ကိုဗစ်ရောဂါက နေရာတိုင်းမှာကူးစက်နေတယ်။ သူတို့က ကျွန်မတို့အတွက် ရောဂါတွေမစစ်ပေးတော့ဘူး။ ကျွန်မဆရာတစ်ယောက်ပြောတာက ရောဂါကူးစက်မှုတွေက နေရာတိုင်းမှာဖြစ်ပွားနေတဲ့အတွက် ရောဂါစစ်ဆေးမှုတွေလုပ်နေလည်း ငါတို့ဘာမှတတ်နိုင်တော့မှာမဟုတ်ဘူး။"

ထို့ကြောင့် ကိုဗစ်-၁၉ ကူးစက်မှုကို ကာကွယ်တားဆီးရန်အတွက် ဒေသခံအာဏာပိုင်တွေက ရောဂါစစ်ဆေးရေးဂိတ်တွေကိုချထားပြီး အထူးသဖြင့် မြို့ထဲသို့ခရီးသွားလာရာတွင် ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်နှင့် လယ်ဒိုမြို့နယ်ရှိဒေသခံ KNU အာဏာပိုင်တွေက ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ ဒေသခံရွာသားများမှ မူးမြို့နှင့် လယ်ဒိုမြို့ထဲသို့ ခရီးသွားလာခြင်းများမပြုလုပ်ရန် စည်းကမ်းချက်များထုတ်ပြန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မြို့များတွင် ကိုဗစ်ရောဂါကူးစက်မှုများ များပြားလာသောကြောင့် ဖြစ်သည်။ တစ်ချို့ရွာများတွင် ကွာရန်တင်းစင်တာများရှိသည်။ ဥပမာအားဖြင့် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကျောက်ထကျေးရွာအုပ်စု၊ ကျောက်ထကျေးရွာတွင် ဒေသခံအာဏာပိုင်များနှင့် အစိုးရကျန်းမာရေးဝန်ထမ်းများသည် ကိုရိုနာရောဂါအား ကာကွယ်ထိန်းချုပ်ရန်အတွက် တစ်ရွာမှတစ်ရွာသို့ အသွားအလာများမပြုလုပ်ရန် ကျေးရွာအဝင်ပေါက်တွင် စစ်ဆေးရေးဂိတ်များချထားခဲ့သည်။ ရွာထဲတွင်မည်သူမဆို ခရီးသွားလာပါက နှာခေါင်းစည်းများတပ်ခြင်း၊ အပူချိန်

တိုင်းတာခြင်းနှင့် လက်ဆေးပေးခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။



ဤပုံကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့၌ တောအူးခရိုင်၊ ဒွေ့ဖာခိုမြို့နယ်၊ တောပြာကြီးကျေးရွာအုပ်စု၊ ရွှေညောင်ပင်ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ပုံတွင် ဒေသခံ KNU အာဏာပိုင်များက ကိုဗစ်ရောဂါကူးစက်မှုကို ထိန်းချုပ်ကာကွယ်ရန်အတွက် စစ်ဆေးရေးဂိတ်ချထားပြီး ခရီးသွားလာခြင်းများကို ကန့်သတ်မှုများပြုလုပ်နေသောပုံဖြစ်ပါသည်။ (ဓါတ်ပုံ - KHRG)

KHRG မှလက်ခံရရှိသည့် သတင်းအချက်အလက်များအရ ကိုရိုနာရောဂါ ကူးစက်မှုများပြားလာခြင်းနှင့်အာဏာသိမ်းမှုတို့ကြောင့် ဒေသတွင်းခရီးသွားလာမှုများ ပိုမိုခက်ခဲလာခြင်းကြောင့် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးလုပ်သားများသည် လွယ်ကူစွာခရီးသွားလာနိုင်ခြင်း မရှိတော့ပေ။ ဆေးဝါးပစ္စည်းများ ရောင်းချသည့်ရွာသားများလည်း မြို့ထဲတွင်သွား၍ ဆေးဝါးများမဝယ်ယူနိုင်ပေ။ ထိုင်းနိုင်ငံမှလည်း ဆေးဝါးများသယ်ယူပို့ဆောင်မှုများအား ကန့်သတ်ခြင်းများရှိခဲ့သည်။ မြို့တွင်းရှိဆေးဆိုင်များလည်း ပိတ်ထားပြီး ဆေးဝါးများ၏ဈေးနှုန်းလည်း မြင့်တက်လာခဲ့သည်။ အစိုးရကျန်းမာရေးဝန်ထမ်းများလည်း စစ်ကောင်စီအား မလိုလားသည့်အတွက် အလုပ်မှထွက်နေရသည့်အတွက်ကြောင့် မြန်မာအစိုးရဆေးရုံများလည်း ပိတ်ထားခံခဲ့ရသည်။ CDM တွင်ပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများသည် ဒေသခံများနှင့်အတူ KNU အာဏာပိုင်များနှင့် အလုပ်တွဲလုပ်၍ ဒေသတွင်ကျန်းမာရေးစောင့်ရှောက်မှုများပေး၍ ကူညီခြင်းများလည်းရှိသည်။ သို့သော်လည်း ဒေသတွင် ကိုဗစ်ရောဂါစစ်ဆေးသည့်ကိရိယာများ၊ ကိုဗစ်ကာကွယ်ဆေးများ၊ ကွာရန်တင်းစင်တာများမရှိပါ။ ထို့ကြောင့် ကျန်းမာရေးလုပ်သားများက ကိုဗစ်လူနာများကို ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝမပေးနိုင်တော့ပေ။ ထို့အတွက်ကြောင့် ဒေသခံရွာသားများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးပစ္စည်းများ လက်ခံရရှိခြင်းမရှိသည့်အတွက်ကြောင့် ကျန်းမာရေးပြဿနာများကို ခံစားနေရပါသည်။

## မိခင်နှင့်ကလေးသူငယ်ကျန်းမာရေး

ကိုယ်ဝန်သည်မိခင်များသည် ကျန်းမာရေးအထူးစောင့်ရှောက်မှု လိုအပ်သောသူများဖြစ်သည်။ သို့သော် ဒေသတွင်းခရီးသွားလာရန်ခက်ခဲမှုနှင့် မလုံခြုံမှုများကြောင့် မိခင်နှင့်ကလေးသူငယ်များသည် လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုများကို မရရှိကြပေ။ ဒေသခံများ၏တင်ပြချက်အရ ကျေးလက်ဒေသတွင် ကိုဗစ်-၁၉ ရောဂါခံစားနေရသောသူအမြောက်အမြားရှိသည်။ ၎င်းတို့သည် ကိုယ်အပူချိန်တက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အနံ့ပျောက်ခြင်းနှင့် အခြားသောရောဂါလက္ခဏာများအား ခံစားနေရသည်။ ကိုဗစ်-၁၉ ရောဂါခံစားနေရသော ကိုယ်ဝန်သည်မိခင်များအတွက် စိုးရိမ်ရသောအခြေနေမှာ ဗိုက်ထဲရှိကလေးမှာ လှုပ်ရှားမှုမရှိတော့သည့်အချက်ဖြစ်သည်ဟု ဒေသခံများမှ သတိထားမိကြသည်။ ဥပမာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘားအံခရိုင်၊ တနေးဆားမြို့နယ်ရှိ ၆ လနှင့် ၉ လရှိသည့် ကိုယ်ဝန်သည်နှစ်ဦးမှ ကိုယ်အပူချိန်တက်ပြီး၊ အနံ့ပျောက်သည့်လက္ခဏာကို ခံစားခဲ့ကြရသည်။ ၎င်းတို့၏ဗိုက်ထဲရှိကလေးမှာ လှုပ်ရှားမှုမရှိတော့ကြောင်းကို သတိထားမိကြသည်။ ထို့နောက် ၎င်းတို့သည် ဘားအံဆေးရုံသို့သွားရောက်ခဲ့ပြီး၊ ၎င်းတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရကြောင်း ဆရာဝန်ထံပြသခဲ့သည်။

ကိုယ်ဝန်သည် မိခင်ပထမတစ်ဦးဖြစ်သည့် နော်မုဒါးမှာ ကိုယ်ဝန် ၆ လရှိပြီး၊ ၎င်းသည် ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်း ဖျားနာခဲ့သည်။ သူမ ဒုတိယတစ်ကြိမ်ဖျားနာသည့်အချိန်တွင် သူမ၏ဗိုက်ထဲရှိကလေးမှာ လှုပ်ရှားမှုမရှိတော့ပေ။ (ကလေးမှာ အသက်မရှိတော့ပေ)။ အစပိုင်းတွင်သူမသည် ဒေသတွင်းရှိ ဆေးခန်းတွင် ပြသခဲ့ပြီးနောက် ကော့ကရိတ်ဆေးရုံတွင်လည်း ထပ်မံပြသခဲ့သည်။ သို့သော် ဆရာဝန်နှင့်ဆေးဝါးပစ္စည်းမရှိသည့်အတွက် သူမအား ဘားအံပုဂ္ဂလိကဆေးရုံသို့ သွားရောက်ပြသစေခဲ့သည်။

ဒုတိယကိုယ်ဝန်သည်မိခင် နော်ခင်ဝင်းကြိုင်မှာ ကိုယ်ဝန် ၉ လရှိပြီး၊ လရင့်ပြီးဖြစ်သည်။ သူမသည် CDM တွင်ပါဝင်လှုပ်ရှားသည့် ဆေးဆရာမတစ်ဦးဖြစ်သည်။ သူမဗိုက်ထဲရှိ ကလေးမှာ လှုပ်ရှားမှုမရှိတော့ကြောင်းသိသိချင်းပင် ဆရာဝန်ကြီးထံတွင် အကူညီတောင်းခဲ့ပြီးနောက်၊ ဆရာဝန်ကြီးမှ မီးဖွားနိုင်ရန် ဗိုက်နာဆေးထိုးပြီး ဘားအံဆေးရုံတွင် သွားရောက်ခွဲစိတ်ရန် အကြံပြုခဲ့သည်။ ထို့ကြောင့် သူမ၏ကလေးမှာအသက်ရှင်ခဲ့သည်။

ဤကဲ့သို့သော အခက်ခဲများသည် အခြားဒေသများတွင်လည်း ဖြစ်ပွားခဲ့သည်။ တနေးဆားမြို့နယ်ရှိ ဒေသခံရွာသူ နော်ဒိုးဒိုလေးမှ သူမကျိုးဒိုးဆေးရုံသို့ သွားခဲ့သည့်အချိန်တွင် ဗိုက်ထဲတွင် ကလေးအသက်မရှင်တော့သည့် ကိုယ်ဝန်သည်မိခင်တစ်ဦးနှင့် တွေ့ဆုံခဲ့ကြောင်းတင်ပြခဲ့သည်။



ဤဓာတ်ပုံကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၂ ရက်နေ့၊ တောအူးခရိုင်၊ ဒေါဖခိုမြို့နယ်၊ စ----ရွာနှင့် ခ---ရွာအကြားနေရာတွင် ရိုက်ယူခဲ့ပါသည်။ဤဓာတ်ပုံသည်ဒေသခံခေါင်းဆောင်များ KNU နှင့် CDM ပါဝင်သော ကျန်းမာရေးလုပ်သား ဆရာ/ဆရာမများမှ ဦးစီးဦးဆောင်သော ဆေးခန်း၏ပုံဖြစ်သည်။
(ဓာတ်ပုံ - KHRG)



ဤဓာတ်ပုံကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၊ တောအူးခရိုင်၊ ဒေါဖခိုမြို့နယ်၊ ကျမဲကျေးရွာအုပ်စု၊ မြသာကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် ဒေသခံရွာသားများမှ ကိုဗစ်-၁၉ ရောဂါအားကာကွယ် ရန်အတွက် စစ်ဆေးဂိတ်အား တည်ဆောက်ထားသောပုံဖြစ်သည်။ (ဓာတ်ပုံ - KHRG)

ထို့နည်းတူ ကိုဗစ်-၁၉ ရောဂါကူးစက်မခံရသည့် ကိုယ်ဝန်သည်မိခင်များမှလည်း အန္တရာယ်ကင်းစွာ ကလေးမီးဖွားနိုင်ရန်မှာလည်း အခက်ခဲများရှိသည်။ ဥပမာ ဘားအံခရိုင်၊ တာကရဲမြို့နယ်၊ နိုးခွီကျေးရွာအုပ်စုတွင်နေထိုင်သည့် ကိုယ်ဝန်သည်နော်မခင်ညိုမှလည်း မမီးဖွားနိုင်ခဲ့သည့်အတွက် သူမ၏ကလေးမှာလည်း ဗိုက်ထဲတွင်ပင် ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့်သူမသည် ဘားအံဆေးရုံတွင် သူမ၏ကလေးအား သွားရောက်ခွဲစိတ်ထုတ်ယူခဲ့ရသည်။ သို့သော် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် သူမသည် အပြည့်အဝ ပြန်လည်ကျန်းမာလာကြောင်းကို သိရှိရသည်။

KHRG မှတ်တမ်းတင်ပြုစုသည့် အကြောင်းအရာများတွင် ဒေသခံရွာသူရွာသားများမှ ဒေသခံများနှင့် ကလေးသူငယ်များ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ရန် ကျန်းမာရေးဝန်ဆောင်မှုများလိုအပ်ကြောင်း တင်ပြခဲ့ကြသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းများ၊ အစိုးရနှင့်အာဏာပိုင်များမှ ဤအခက်ခဲများအား ကူညီဖြေရှင်းသင့်ကြောင်းနှင့် ဒေသခံကျန်းမာရေးဝန်ဆောင်မှုများအတွက် ကူညီထောက်ပံ့သင့်သည်။